ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့ (18-5-2014) (၇၇၄၄)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

သထုံ	၂ ဒသမ ၉၁ လက်မ
မော်လမြိုင်	၂ ဒသမ ၂၁ လက်မ
ကျိုက်မရော	၁ ဒသမ ၇၃ လက်မ
ချောင်းဆုံ	၁ ဒသမ ၅၀ လက်မ
ဖျာပုံ	၁ ဒသမ ၂၆ လက်မ
မအူပင်	၁ ဒသမ ၂၂ လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဆေးရုံကြီးမူလပုံစံမပျက် ပြင်ဆင်သွားနိုင်ရေးလုပ်ငန်းများ စီမံချက်များရေးဆွဲဆောင်ရွက် လူနာစောင့်များနှင့် နယ်မှလာသည့် လူနာများအတွက် တည်းခိုနေထိုင်နိုင်ရေးစီမံပေးရန်လိုအပ်

ရန်ကုန် မေ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဌာန၊ တိုးချဲ့တည်ဆောက်လျက်ရှိသည့် လူနာဆောင်နှင့် အဏုမြူရောင်ခြည်ကုသရေးဌာနများ၊ သွေးလျူဘဏ်ဟောင်း၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဌာန၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး အတွင်းလူနာဌာနနှင့် အသည်းရောဂါကုဌာနနှင့် အရေပြား ရောဂါအထူးကုဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်နှင့် တာဝန်ခံပါမောက္ခဌာနမှူး ဆရာဝန်ကြီးတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ၌ ဆေးရုံကြီးတိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီအစည်းအဝေးကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးပြုပြင်မွမ်းမံရေးအတွက် ၂၀၁၄ခုနှစ် မေ ၈ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ဗဟိုကော်မတီကိုဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆေးရုံကြီး ပြင်ဆင်ရေးအတွက် ယခင်နှစ်များကတည်းက ပြင်ပလူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပြုပြင်ကြမည်ဆိုသော်လည်း အကောင်အထည်ဖော်နိုင်ခဲ့ခြင်းမရှိသေးသည်ကို တွေ့ရပါကြောင်း၊ ပြီးခဲ့သည့် မတ် ၂၃ ရက်က ၎င်းဆေးရုံကြီးကို စစ်ဆေးကြည့်ရှုပြီး ပကတိအခြေအနေများကို နိုင်ငံတော်သမ္မတထံတင်ပြခဲ့ပြီးနောက် ယခုကဲ့သို့ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

မြန်မာ–မလေးရှား ပူးပေါင်းမှုဖြင့် မွေးရာပါနှလုံးရောဂါ ကလေးများ ခွဲစိတ်ကုသ

သတင်း ›› အောင်ကျော်ဦး၊ ထက်ခိုင်(စမ်းချောင်း)

ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

မွေးရာပါနှလုံးရောဂါဝေဒနာခံစားနေရသော ကလေးများကို မြန်မာနိုင်ငံနှင့်မလေးရှားနိုင်ငံတို့မှ ဆရာဝန်ကြီးများ ပူးပေါင်း၍ခွဲစိတ်မှုလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ကြခြင်းကြောင့် သက်တမ်းစေ့နေထိုင်နိုင်ရန် အခွင့်အလမ်းများ ဖြစ်လာစေခဲ့သည်။

မြန်မာနိုင်ငံတွင် မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးငယ်များကို ရန်ကင်းကလေးဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် မလေးရှားနိုင်ငံ အမျိုးသားနှလုံး အထူးဆေးရုံကြီး (IJN) တို့မှ ဆရာဝန်ကြီးများပူးပေါင်း၍ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်ဟု ယနေ့ (မေ ၁၇ရက်)တွင် ရန်ကင်းကလေးဆေးရုံ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ထိုသို့ပူးပေါင်းခွဲစိတ်ကုသပေးမှုကို လုပ်ဆောင်ရာတွင် ယခုအခါ ဒုတိယအကြိမ်မြောက် လုပ်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်ခွဲစိတ်ကုသမှုကို မတ် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ပြုလုပ်ခဲ့ကာ မွေးရာပါနှလုံးအပေါက်ပါသော အသက်ကိုးလမှ ခုနစ်နှစ်အရွယ်ရှိ ကလေးငယ်လေးဦးတို့ကိုလည်းကောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✪



ကြေးမုံစာတည်းရှုထောင့် ၁၈-၅-၂၀၁၄၊ တနင်္ဂနွေနေ့

အမှိုက်ကင်းစင်ရေး

ရန်ကုန်လူမှုကူညီရေးအသင်း တစ်သင်းမှကမကထပြုပြီး မြို့နယ်တာဝန်ရှိသူများနှင့်လက်တွဲကာ ရပ်ကွက်နေပြည်သူများ ပူးပေါင်းအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ အမှတ်(၄၂)ရပ်ကွက်ကို အမှိုက်ကင်းစင်ရပ်ကွက်အဖြစ် စံနမူနာပြုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း နံနက်ပိုင်းက ကြားသိလိုက်ရသဖြင့် ဝမ်းသာ ပီတိဖြစ်ရပါသည်။

ယခုအခါ ရန်ကုန်မြို့ကို အရှေ့တောင်အာရှ၏ မြို့တော်အင်္ဂါရပ်များနှင့်အညီ ပြန်လည်မြှင့်တင် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိရာတွင် ရန်ကုန်မြို့မှနေ့စဉ်ထွက်သော အမှိုက်များသည် အဓိကအဟန့်အတားသဖွယ်ဖြစ်နေပါသည်။ ရန်ကုန်မြို့တွင် နေထိုင်ကြသော ပြည်သူများ အမှိုက်များကို စည်းကမ်းတကျမစွန့်ပစ်မှုကြောင့် ရန်ကုန်မြို့အတွက် အမှိုက်သည် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်နေပါသည်။

မိုးရွာစ ယနေ့ကာလတွင် အမှိုက်ကြောင့် မြို့တွင်းရေမြောင်းများ ပိတ်ဆို့ကာ လမ်းမကြီးများပေါ်တွင် ရေများပြည့်လျှံပြီး သွားရေးလာရေး အခက်တွေ့ကြရသည်။ ရန်ကုန်မြို့တော် ရေမလျှံရေးအတွက် နိုင်ငံတော်က ကျပ်သန်းပေါင်းများစွာ အကုန်ကျခံ စီမံဆောင်ရွက်နေဆဲဖြစ်သည်။ လောလောဆယ် အကောင်အထည်မပေါ်သေး၍ အမှိုက်များကြောင့်ဖြစ်ပေါ်လာသော ဆိုးကျိုးများကို ပြည်သူများခံစားနေရဆဲဖြစ်သည်။

ဤအမှိုက်ကိစ္စကို ပြည်သူ "အား"နှင့် ရှင်းလင်းနိုင်ဖို့ နမူနာပြုလုပ်ဆောင်မှုတစ်ခုကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ရာ အခြားမြို့နယ်တစ်ခုချင်းအလိုက်လည်း ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်ပါသည်။ ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် မကြာမီအမှိုက်လုံးဝကင်းစင်သော စံနမူနာပြ ရပ်ကွက်တစ်ကွက် ပေါ်ထွက်လာတော့မည်။ ထိုမှအဆင့်ဆင့်တက်လှမ်း၍ အမှိုက်လုံးဝကင်းစင်သော ရန်ကုန်မြို့ကြီးဖြစ်လာစေရန် မျှော်လင့်မိပါသည်။ "အတုမြင် အတတ်သင်" ဟူသောဆိုရိုးစကားအတိုင်း ကောင်းသောအတုကိုမြင်၊ ကောင်းသောအတတ်သင် လုပ်ဆောင်နိုင်ကြရမည်မှာ လူသားတို့၏ ဝတ္တရားတစ်ခုပင် ဖြစ်သည်။

"မဲလ်ဘုန်းမြို့ကို ကမ္ဘာပေါ်တွင် ပထမဆုံး ဆေးလိပ်ကင်းမဲ့ဇုန်ဖြစ်လာရန် ရည်ရွယ်" ဟူသော သတင်း တစ်ပုဒ်ကိုလည်း ကြားလိုက်မိသည်။ မဲလ်ဘုန်းမြို့ကို ကမ္ဘာပေါ်တွင်ပထမဆုံး ဆေးလိပ်သောက်ခြင်းလုံးဝ ကင်းစင်သောမြို့ဖြစ်လာစေရန် တာဝန်ရှိသူများက စနစ်တကျစီစဉ်ဆောင်ရွက်လျက် အားကြိုးမာန်တက် လုပ်ဆောင်နေကြသည်။ စီစဉ်ထားမှုတွင် လမ်းပေါ်တွင် လမ်းလျှောက်နေသူများ၊ လမ်းဘေးပလက်ဖောင်းများ၌ စားသောက်နေကြသူများအပြင် အဓိကစီးပွားရေးဇုန်များရှိ အဆောက်အအုံများ၌ အလုပ်လုပ်နေသူများအနေဖြင့် သတ်မှတ်ထားသော အကာအကွယ်အခန်းများအတွင်းမဟုတ်ပါက အများပြည်သူရှေ့၌ ဆေးလိပ်မီးညှိခြင်းသည် တရားဥပဒေချိုးဖောက်မှုပင်ဖြစ်ကြောင်း ဆိုထားသည်။ လာမည့် ၂၀၁၆ ခုနှစ်နှောင်းပိုင်းတွင် ဆေးလိပ်သောက်သုံးခြင်း လုံးဝကင်းစင်သည့် မြို့ဖြစ်လာရေး မူဝါဒပြောင်းလဲမှုများကို နှစ်စဉ်တိုး၍ ဆောင်ရွက်သွားရန် မြို့တော်ဝန်၏ တိုက်တွန်းအားပေးစကားက မဲလ်ဘုန်းမြို့၏အနာဂတ် ဆေးလိပ်ကင်းစင် အန္တရာယ်ကင်းလှပလာမည့် ရှေ့ပြေးလက္ခဏာတစ်ရပ်ဟု ဆိုနိုင်ပါသည်။

ကျွန်ုပ်တို့၏ မဟာရန်ကုန်တွင် ဆေးလိပ်၊ အမှိုက်များကင်းစင်ရာ ရပ်ဝန်းမဖြစ်လာနိုင်သေးလည်း မကြာမီ စွန့်ပစ်အမှိုက်များကင်းစင်ကာ သန့်ရှင်းသပ်ရပ်တင့်တယ်လှပလာမည့် အနာဂတ်အလားအလာကောင်းတစ်ခုကို ယခုစတင်မြင်တွေ့ရပါပြီ။ အမှိုက်ဟူသည် စည်းကမ်းမဲ့မှု၏ပြယုဂ်တစ်ခုဖြစ်သည်။ "စည်းကမ်းသည် လူ့တန်ဖိုး" ဟုဆိုလျှင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကိုရှောင်ရှားခြင်းဖြင့် လူ၏တန်ဖိုးကိုမြှင့်တင်ကြရမည်။

လောကဥပမေယျတို့တွင် နွံသည် ရေကြောင့်ဖြစ်သည်။ ရေကြောင့်ဖြစ်သည့် နွံအညစ်အကြေးကို ရေနှင့် ပြန်၍သန့်စင်ပေးရသည်။ စိတ်ကြောင့်ဖြစ်သော အကုသိုလ်ကို သန့်စင်ရာတွင် စိတ်နှင့်ပင် ပြန်၍တိုက်ချွတ်ပေးရသည်ဟု ဆိုထားသည်။ ထို့ကြောင့် လူကြောင့်ဖြစ်လာသော အမှိုက်များကို လူကပင် ပြန်လည်သန့်စင်ပေးကြရသည်မှာ သဘာဝကျပါသည်။

အရေးကြီးဆုံးမှာ မိမိတို့လူသားများကိုယ်တိုင် အမှိုက်ဖြစ်မနေဖို့ လိုအပ်ပါလိမ့်မည်။ ဦးစွာ မိမိကိုယ်တိုင် စည်းကမ်းလိုက်နာမှုရှိနေပါမှ မိမိဝန်းကျင်အား စည်းကမ်းတကျရှိစေရေး ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သူတော်ကောင်းတို့၏ ဘဝနေနည်းလောကကျင့်စဉ်ကောင်းတစ်ရပ်လည်း ဖြစ်သည်။ ထိုသို့ မဟုတ်မူဘဲ နွံထဲရောက်နေသူက နွံထဲကလူကို ဆွဲထုကယ်တင်ဖို့ ကြိုးစားလျှင် လောကရယ်ဖွယ်ဖြစ်ပါလိမ့်မည်။

မိမိနှင့်တကွ မိမိဝန်းကျင်ကို အမှိုက်ကင်းစင်စေရန် ရပ်ကွက်လေးတစ်ရပ်ကွက်မှအစ မဟာရန်ကုန်တစ်ခုလုံး အမှိုက်လုံးဝကင်းစင်စေရန် မြို့နေပြည်သူအား လုံးဝိုင်းဝန်းဆောင်ရွက်သွားဖို့ တိုက်တွန်းအပ်ပါသည်။ ။

နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၁၇

၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ အထူးဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခံခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ အထူးဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးတို့အတွက် ရည်ရွယ်ချက်များဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများအနေဖြင့် မိမိတို့ကြိုးပမ်းရရှိထားသော အောင်မြင်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် ယခုနှစ်တွင် တိုင်းဒေသကြီးအဆင့်ပဏာမရွေးချယ်ခံခဲ့ရသော အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များအနေဖြင့်လည်း လာမည့်နှစ်များတွင်လည်း စွမ်းဆောင်ရည်ဆုများ ဆွတ်ခူးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများကိုယ်စား Fame ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာခင်မောင်လွင်က ကျေးဇူးတင်စကားပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့များအတွက် နေကာမျက်မှန် ၉၁၀ လျှုဒါန်းသည့် စိုးလျှပ်စစ်နှင့် အီလက်ထရောနစ်ကုမ္ပဏီမှ ဦးစိုးတင့်ကိုယ်စား တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆု(တစ်ဦးချင်း)၊ နိုင်ငံ့ဂုဏ်ဆောင်အားကစား စွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်)၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆုများ ရရှိခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆု နှစ်ဆုနှင့် ဂုဏ်ထူးဆောင်လက်မှတ် ၁၀ ခုကို ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV -4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၅-၂၀၁၄ (တနင်္ဂနွေနေ့)

၅:၀၀	ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး" (အပိုင်း-၉၂)
၉:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၅၁)
၁၀:၀၀	ခေတ်သစ်ပျိုမေ
၁၂:၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ (သတိထားပါ မှဲ့ကင်ဆာ)
၁၂:၃၅	ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၏ "စကားအတတ်ပညာ" သင်တန်း
၁:၀၀	"တရားကျင့်ကာ အသိဉာဏ်ရှာ" တရားတော် (ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ပညိဿရာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး" (အပိုင်း-၉၃)
၈:၀၀	MRTV-4 သတင်း
၈:၁၅	Sunday Talk (ဆရာမောင်လူမွှေး၊ မျိုးမြတ်သူ)
၈:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၅၂)

ရွှေမနအောင် ကုမ္ပဏီလီမိတက် အိမ်၊ ခြံမြေအကျိုးဆောင်လုပ်ငန်းမှငှားမည်

၁။ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ မြေညီထပ်၊ 1200sqft၊ အိပ်ခန်း(၂)ခန်း Master Bedroom(၁)ခန်း၊ Aircon(4)လုံး၊ ကြွေပြားခင်း။ (15 သိန်း)

၂။ သယ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်းမကြီးဘေး၊ ခြံအကျယ်(60' x 120')၊ 2/ထပ် RC ၂/ယောက်အိပ်ခန်း(၂)ခန်း၊ ရိုးရိုးအိပ်ခန်း(၃)ခန်း၊ Master Bedroom(2)ခန်း၊ ဧည့်ခန်း(၂)ခန်း၊ ပါကေးခင်း၊ မီးဖိုခန်း(၂)ခန်း ကြိုးဖုန်းပါ။ (US 4000)

၃။ ကမာရွတ်မြို့နယ် အာတီးယားလမ်း ခြံအကျယ်(60' x 80') 1/ထပ်တိုက် အိမ်အကျယ်(25' x 45')၊ ကားဂိုဒေါင်(12' x 17')၊ Master Bedroom(1)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း၊ ပါကေးခင်း၊ ပါဝါမီတာပြင်ဆင်ပြီး။ (US-3000)

၄။ Diamond Condo၊ (၈)လွှာ၊ 1350sqft၊ (၂)ယောက်ခန်း(၁)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း၊ Aircon(၄)လုံး၊ ကြိုးဖုန်းပါ။ (US-2000)

၅။ Diamond Condo၊ (၇)လွှာ၊ 1000Sqft၊ (၂)ယောက်အိပ်ခန်း(၁)ခန်း၊ ရိုးရိုးအိပ်ခန်း(၂)ခန်း၊ Aircon(၄)လုံး၊ ကြိုးဖုန်းပါ။ (US-1500)

ဆက်သွယ်ရန်ဖုန်း - ၀၁-၅၆၀၇၈၇၊ ၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၅၅၀၄၀၇၁၊ ၀၉-၄၂၀၀၇၉၄၂၄

ရွှေမနအောင် ကုမ္ပဏီလီမိတက် အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းမှ ရောင်းမည်

၁။ သာကေတအပိုင်း ၁၀၈/တောင်ဘုရားနှင့် ရတနာလမ်းဆုံကြား၊ သန်လျင်တံတားသွားလမ်းမကြီးဘေး၊ ဘဏ်ဖွင့်လိုသူများ/ကားအရောင်းပြခန်းဖွင့်လိုသူများ၊ ဆီဆိုင်ဖွင့်လိုသူများနှင့် စီးပွားရေးလုပ်ကိုင်လိုသူများ အတွက် အချက်အချာကျနေရာကောင်း ဧရာဝဏ်လမ်းမကြီးဘေး၊ မျက်နှာ၀ 110'၊ အနောက် 85'၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ။ (ကျပ်သိန်း **15,000**)

၂။ ၆၇/ဘီ၊ ရတနာအဆင့်မြင့်အိမ်ရာဝင်းအတွင်း၊ အချက်အချာကျနေရာကောင်း၊ မျက်နှာ၀ 100'၊ အနောက် 100'၊ ခြံစည်းရိုးခတ်ပြီး။ (ကျပ်သိန်း **5,300**)

၃။ ၆၀/ရပ်ကွက်၊ ရတနာကျောက်နှစ်ကွက်တွဲ မျက်နှာ၀ 40'၊ အနောက် 60'။ (ကျပ်သိန်း **3,000**)

၄။ ၉၁/ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း၊ EPC ရုံးအနီး သုံးကွက်တွဲမျက်နှာ၀ 40'၊ အနောက် 60'။ (ကျပ်သိန်း **1,500**)

၅။ ၁၆၈/ရပ်ကွက်၊ အပိုင်း(၅)လမ်းမတန်း၊ သုံးကွက်တွဲမျက်နှာ၀ 40'၊ အနောက် 60'။ (ကျပ်သိန်း **1,500**)

၆။ မှော်ဘီ၊ ဆက်သွယ်ရေးဝင်းအနီး မျက်နှာ၀ 40'၊ အနောက် 60'။ (မြေသီးသန့်) (ကျပ်သိန်း **200**)

ဆက်သွယ်ရန်ဖုန်း - ၀၁-၅၆၀၇၈၇၊ ၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၅၅၀၄၀၇၁၊ ၀၉-၄၂၀၀၇၉၄၂၄

❖ ရှေ့ဖုံးမှ

ပြင်ဆင်ဆောင်ရွက်မည့်အပိုင်းတွင်လည်း ကော်မတီ၊ ဆပ်ကော်မတီများ သေချာဖွဲ့စည်းပြီး လိုအပ်သည်များကို ကြိုတင်စီမံဆောင်ရွက်ပြီးမှ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများအမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ ကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်သူ၊ တာဝန်ရှိသူအားလုံးနှင့် အစည်းအဝေးကျင်းပရခြင်းဖြစ်ပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် သက်တမ်း ၁၀၀ ကျော်ပြီး မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံး ဆေးရုံကြီးဖြစ်ကာ ခုတင် (၁၅၀၀)အဆင့်ဆေးရုံကြီး ဖြစ်သည့်အတွက် ပြုပြင်ရေးကိစ္စများဆောင်ရွက်ချိန်တွင် ဆေးရုံလုပ်ငန်းများကို ရပ်ထား၍မရပါကြောင်း၊ သို့ဖြစ်၍လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ရှိလူနာများ ရွှေ့ပြောင်းလက်ခံနိုင်မည့်အဆောင်၊ လက်ရှိဆရာဝန်၊ ဆရာမများနှင့် စက်ပစ္စည်းကိရိယာများ ရွှေ့ပြောင်းလက်ခံနိုင်မည့်နေရာ၊ ဦးစွာပြင်ဆင်သင့်သည့် အဆောက်အအုံ၊ ကုန်ကျမည့်စရိတ် စုစုပေါင်းခန့်မှန်းကုန်ကျငွေ၊ တာဝန်ယူပြင်ဆင်ပေးသွားမည့်အဖွဲ့အစည်း၊ ဆေးရုံကြီး မူလပုံစံမပျက်ပြင်ဆင်သွားနိုင်ရေးအစရှိသည့် လုပ်ငန်းများကို စီမံချက်များရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူနာစောင့်များနှင့် နယ်မှလာသည့် လူနာများအတွက် တည်းခိုနေထိုင်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ကလည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်ရေးနှင့်ပတ်သက်၍ ကော်မတီအသီးသီး ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆေးရုံကြီးပင်မဆောင်ကြီးသာမက ဆေးရုံကြီးတစ်ခုလုံးခေတ်မီစေရန် Master Plan ရေးဆွဲ၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ပြုပြင်မွမ်းမံဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က ဆပ်ကော်မတီဖွဲ့စည်းမည့်ကိစ္စရပ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ ဦးကျော်လွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူတို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် လိုအပ်သည့် ရေတိုရေရှည်အစီအမံများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အမှတ်(၁၂) ရွှေလီလမ်း ကမာရွတ်မြို့နယ်ရှိ ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးဌာနရုံးဖွင့်လှစ်မည့်အဆောက်အအုံနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာနရုံးတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စီးပွားရေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ စီးပွားရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ပါဝင်သော ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။**(ယာပုံ)**

ဆွေးနွေးပွဲတွင် ကုမ္ပဏီများ မှတ်ပုံတင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မိတ်ဆက်စကား ပြောကြားသည်။ ဆက်လက်၍ Peninsula Press မှ Ms. Ramona Tarta က မြန်မာနိုင်ငံ စီးပွားရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအား နိုင်ငံတကာမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး လုပ်ကိုင်ဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်းပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကလည်း ထိရောက်စွာ ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ဌာနဆိုင်ရာများအနေဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ယနေ့ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်ရေးများအတွက် ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် လှုပ်ရှားဆောင်ရွက်ခဲ့သည့်အတွက် ပြည်ပနိုင်ငံများက မြန်မာနိုင်ငံအား စိတ်ဝင်စားမှုများ ရရှိလျက်ရှိနေကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင်လည်း ပြည်တွင်းလုပ်ငန်းရှင်များ၊ UMFCCI ကဲ့သို့ ပုဂ္ဂလိကအဖွဲ့အစည်းများက ဦးဆောင်၍ နိုင်ငံတကာဈေးကွက်တွင် တက်ကြွစွာ ချဉ်းကပ်ဆောင်ရွက်သင့်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ဌာနဆိုင်ရာများအနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် Peninsula Press ကဲ့သို့ နိုင်ငံတကာအတွေ့အကြုံရှိသော Events Organizer များနှင့် တွေ့ဆုံပေးခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Peninsula Press မှ Mr.Santoyo က မြန်မာနိုင်ငံ စီးပွားရေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ လုပ်ဆောင်ပေးရန် ၎င်းတို့အနေဖြင့် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များအနေဖြင့် စိတ်ပါဝင်စားစွာ ဆောင်ရွက်နိုင်ရေးအတွက် အဆိုပြုလွှာများ၊ လျှောက်လွှာများတွင် ဖြည့်စွက်၍ ပါဝင်ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ Peninsula Press မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာ ဈေးကွက်တွင် ထိုးဖောက်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ အသေးစိတ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်အမျိုးသားနှင့်လက်ထပ်ရန် ပြားယောင်းသွေးဆောင်လူကုန်ကူးသူအား ဖမ်းဆီးရမိ

မန္တလေး မေ ၁၇

တရုတ်အမျိုးသားနှင့်လက်ထပ်ရန် အမျိုးသမီးငယ်အား ဖြားယောင်းသွေးဆောင်ကာ လူကုန်ကူးသူအမျိုးသမီးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့က မေ ၁၆ ရက်တွင် မန္တလေး ချမ်းအေးသာစံမြို့နယ်အတွင်း ဖမ်းဆီးရမိသည်။ ဖြစ်စဉ်မှာ မေ ၁၆ ရက် နံနက် ၆ နာရီက ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက် (၇၈)လမ်းနှင့် လမ်း(၃၀) ထောင့်အနီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၁၁)မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မသက်ဘဖွယ်တွေ့ရှိသူ မပဲပဲအေး(၁၆)နှစ် သီရိမင်္ဂလာရပ်ကွက် ဖြူးမြို့နေသူအား တပ်ဖွဲ့စုရုံးသို့ ခေါ်ယူမေးမြန်းရာ ၎င်းအား မမော်ကြီး(ခ)မဝင်းမော် (၄၁)နှစ် ဘူတာတောင်ရပ် ဖြူးမြို့နေသူက တရုတ်အမျိုးသားကိုယူလျှင် ငွေကျပ် ၁၅ သိန်းနှင့် လက်ဝတ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ ရရှိမည်ဟု ယုံကြည်အောင် ပြောဆိုစည်းရုံးကာ ခေါ်ဆောင်သဖြင့် လိုက်ပါလာရခြင်းဖြစ်ကြောင်း ထွက်ဆိုချက်ကြောင့် ဒုရဲအုပ်မြင့်သိန်းနှင့်အဖွဲ့က မမော်ကြီး (ခ) မဝင်းမော်အား စုံစမ်းခဲ့ရာ ပြည်ကြီးမျက်ရှင်ကားဝင်းအတွင်းတွင် တွေ့ရှိ၍ တပ်ဖွဲ့စုရုံးသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာ မပဲပဲအေးအား ၎င်းမှ တရုတ်အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းရန်ခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ဒုရဲအုပ်မြင့်သိန်းက အမှတ်(၈) မြို့မရဲစခန်းသို့ တရားလိုပြုလုပ်တိုင်တန်းချက်အရ ရဲစခန်းတွင် ပ-၃၉၀/၂၀၁၄၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၀၂)**

ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာစာတမ်း အကောင်အထည်ဖော်ရေး အာဆီယံကော်မတီ၏ သတ္တမအကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၇

သတ္တမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာစာတမ်း အကောင်အထည်ဖော်ရေး အာဆီယံကော်မတီ၏ (7th ACMW) အစည်းအဝေးကို မေ ၁၇ ရက်တွင် နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ အသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီဝင်များ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ စုစုပေါင်း ၇၀ တက်ရောက်ခဲ့သည်။

ယခုကျင်းပသည့် အစည်းအဝေးသည် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများမြှင့်တင်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းတွင် ပါရှိသော မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အာဆီယံနိုင်ငံများတွင် အလုပ်သမားစေလွှတ်သော နိုင်ငံများနှင့် လက်ခံသော နိုင်ငံများ၏ အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းများကြား ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသော အခက်အခဲနှင့်ပတ်သက်၍ အလေ့အထကောင်းများ၊ အတွေးအခေါ်များနှင့် အတွေ့အကြုံများအား သုံးသပ်ဆွေးနွေးဖလှယ်နိုင်ရန် အာဆီယံနိုင်ငံများအတွင်း သွားလာလုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ပိုမိုကောင်းမွန် လုံခြုံစိတ်ချရသော လုပ်ငန်းခွင်ဖြစ်စေရေး၊ ခွဲခြားဆက်ဆံခံရမှုမရှိစေရေး၊ ခေါင်းပုံဖြတ်မှုမခံရစေရေး၊ ဥပဒေရေးရာ မူဝါဒများ အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆဋ္ဌမအကြိမ်မြောက် အာဆီယံရွှေ့ပြောင်းလုပ်သားများဆိုင်ရာ နိုင်ငံအဆင့်အကြို ညှိနှိုင်းအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ကျင်းပခဲ့သည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များကို ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ASCC BLUEPRINT အကောင်အထည်ဖော်မှု၊ ACMW လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှု၊ အာဆီယံနိုင်ငံများအကြား သက်ဆိုင်ရာ နိုင်ငံအစိုးရ၏ စီမံခန့်ခွဲမှုဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်မှု၊ အာဆီယံနိုင်ငံများအတွင်း ဒေသတွင်းလူကုန်ကူးမှု ပူးပေါင်းပါဝင် တိုက်ဖျက်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း ဖွံ့ဖြိုးတိုးတက်မှု၊ ၂၀၁၅အလွန်တွင် ACMW ၏ လုပ်ဆောင်မှု၊ အာဆီယံ-အီးယူ လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အချက်များကို တက်ရောက်လာသော ကိုယ်စားလှယ်များက တက်ကြွစွာ ဆွေးနွေးနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အစည်းအဝေးသည် နိုင်ငံအသီးသီးမှ ပြည်ပတွင် ရောက်ရှိနေသော ရွှေ့ပြောင်းအလုပ်သမားများအတွက် ပိုမိုကောင်းမွန်သော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အစည်းအဝေးကို မေ ၁၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၅-၂၀၁၄ (တနင်္ဂနွေနေ့)

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၃၀ "မဟာဗောဓိတစ်ထောင် သာသနာ့အောင်မြေ"
၁၂း၃၅ ဖြူမည်းရုပ်ရှင် "ညမျက်လုံးနှင့်ရတနာ" (ညွန့်ဝင်း၊ မြင့်မြင့်ခင်၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-အောင်မြင့်မြတ်)
၄း၂၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ သက်ဝင်လှုပ်ရှားသတင်း ပုံရိပ်များရည်ရွယ်ဦးတည်ပြည်သူ့ဆီ
၈း၄၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၀၀ ပြည်တွင်းသတင်း -တစ်မျက်နှာ၊ တစ်ကွက်စာ "မကြဲကောင်းမစည်ရာ"(ဇာတ်သိမ်း) (စည်သူမောင်၊ ခိုင်ပွင့်၊ ခင်မီမီကို) (ဒါရိုက်တာ-မေတင်(MMG)) -ရင်ခုန်လက်ကမ်းတေးသစ်လမ်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လွှတ်တော်ခန်းမဆောက်လုပ်ခြင်းလုပ်ငန်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းတည်ဆောက်ရေးလုပ်ငန်းတွင် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

၁။ ဘိလပ်မြေ(ထိုင်းဆင်)၊ (CROWN)
၂။ မြစ်သဲ
၃။ ကျောက်ကြီး
၄။ ချိပင်ကျောက်
၅။ အုတ်
၆။ သံချောင်းလုံး-၁၂မမ နှင့်အောက်
၇။ သံချောင်းလုံး၁၂မမ အထက်
၈။ တောသစ်(ထု) (ပျဉ်)
၉။ သစ်မာ(ပျဉ်းကတိုး)
၁၀။ ကျွန်းသစ်
၁၁။ ငါးထပ်သား(အင်)

၂။ တင်ဒါစိစစ်ရွေးချယ်မည့်နေ့ရက်နှင့်အချိန် - ၂-၆-၂၀၁၄ ရက်၊ မွန်းလွဲ ၁၂း၀၀ နာရီ
၃။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂-၆-၂၀၁၄ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ
၄။ တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ အစည်းအဝေးခန်းမ၊ မုံရွာမြို့
၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မုံရွာမြို့နှင့် ဒု-အင်ဂျင်နီယာမှူးကြီး။ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)မန္တလေးမြို့၊ ၁၉-၅-၂၀၁၄ ရက်မှ စတင်၍ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပါလာဝန်ကျွန်း၌ ရေတပ်စခန်းတည်ဆောက်ရေး ဖိလစ်ပိုင်က အမေရိကန်ကို ကမ်းလှမ်းဖွယ်

ဆန်အန်တိုနီယိုမြို့ရှိ အမေရိကန်ရေတပ်စခန်းဟောင်းအနီး အမေရိကန်နှင့် ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့သည့် မှတ်တမ်းပုံ။

မနီလာ မေ ၁၇

မိမိတို့နိုင်ငံ၏ ကမ်းလွန်ပင်လယ် ပိုင်နက်နယ်မြေများကို ကာကွယ်စောင့်ရှောက်ရာတွင် အထောက်အကူရရှိနိုင်ရေးအတွက် တောင်တရုတ်ပင်လယ်ရှိ ရေကြောင်းနယ်နိမိတ် အငြင်းပွားနေသော နေရာအနီးအပါးသို့ အမေရိကန်စစ်သင်္ဘောများ ဝင်ထွက်နိုင်ကြရန် နိုင်ငံအနောက်ပိုင်းရှိ ကျွန်းတစ်ကျွန်းပေါ်တွင် အမေရိကန်ရေတပ်စခန်း တည်ဆောက်ဖွယ်ရှိကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အီမင်နျူယယ်ဘော်တစ္စတာက လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားလိုက်သည်။

ရေနံနှင့် ဓာတ်ငွေ့သယံဇာတပေါကြွယ်ဝသော တောင်တရုတ်ပင်လယ်ပြင်အတွင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုများတွင် တရုတ်နိုင်ငံက အတင့်ရဲသည့် လှုပ်ရှားမှုများ ပြုမူလာနေချိန်တွင် ဖိလစ်ပိုင်စစ်ဘက် အကြီးအကဲက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်အတွင်း ရေကြောင်းနယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုများတွင် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)တို့ ပါဝင်ပတ်သက်လျက်ရှိကြသည်။ တောင်တရုတ်ပင်လယ်သည် ဒေသဆိုင်ရာ ကုန်သွယ်ရေးတွင် အရေးပါပြီး နှစ်စဉ်ဒေါ်လာ ၅ ထရီလီယံတန်ဖိုးရှိ သင်္ဘောတင်ကုန်ပစ္စည်းများ ဖြတ်သန်းလျက်ရှိသော ရေကြောင်းလမ်းလည်း တည်ရှိသည်။

ဖိလစ်ပိုင်နှင့် အမေရိကန်အကြား လွန်ခဲ့သည့်လက ရရှိခဲ့သော ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်အရ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဖိလစ်ပိုင်စစ်စခန်းများသို့ ပိုမိုဝင်ရောက်ခွင့်ရရှိလာမည်ဖြစ်သည့်အပြင် ပင်လယ်ရေကြောင်း လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်လုံခြုံရေးလုပ်ငန်းတွင် နှစ်နိုင်ငံ ပူးတွဲအသုံးပြုနိုင်မည့် စစ်စခန်းများကိုလည်း တည်ဆောက်ခွင့်ရရှိလာသည်။

ဖိလစ်ပိုင်နိုင်ငံ အနောက်ပိုင်း ပါလာဝန်ကျွန်းတွင် ရေတပ်စခန်းတစ်ခု တည်ဆောက်နိုင်ရေးအတွက် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့ လိုလားကြောင်း၊ အိုင်စတာပင်လယ်အော်ရှိ ပါလာဝန်ကျွန်းသည် ဖွံ့ဖြိုးမှု မရှိသေးသော ဒေသတစ်ခုဖြစ်ပြီး စစ်စခန်းတည်ဆောက်နိုင်ရေးအတွက် မြေရာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း ဗိုလ်ချုပ်ကြီးဘော်တစ္စတာက ပြောကြားသည်။

ရိုက်တာ။

ဘော့စနီးယားနှင့် ဆားဘီးယားတွင် အဆိုးရွားဆုံး ရေကြီး သုံးဦး သေဆုံး

ဆာရာယေဗို မေ ၁၇

ဘော့စနီးယားနှင့် ဆားဘီးယားတွင် နှစ်ပေါင်း ၁၂၀ အတွင်း သမိုင်းမှတ်တမ်းဝင်အဖြစ် အသည်းထန်ဆုံး မိုးရွာခဲ့ပြီး ရေလွှမ်းမိုးမှုများ ပေါ်ပေါက်လာသဖြင့် အရေးပေါ် အခြေအနေ ကြေညာထားကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြေပြို

မြစ်ချောင်းများမှ လျှံကျလာသော ရေများသည် မြို့ရွာများအတွင်းသို့ ဝင်ရောက်လာ၍ အဆက်အသွယ်များ ပြတ်တောက်သွားသည့်အပြင် နေအိမ်များပေါ်သို့ မြေများ ပြိုကျဖုံးအုပ်သွားခဲ့ကာ အနည်းဆုံးသုံးဦး သေဆုံးခဲ့သည်။

သောင်တင်နေသူများကို ရွှေ့ပြောင်းပေးရန် စစ်ဘက်ရဟတ်ယာဉ်များ စေလွှတ်လိုက်သော်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ဆိုးရွားသော ရာသီဥတုက အဟန့်အတားဖြစ်နေသည်ဟု ဆိုသည်။

အကူအညီတောင်း

ဆားဘီးယားဝန်ကြီးချုပ် အလက်ဇန်းဒါးဗူစစ်က ၎င်း၏အစိုးရအဖွဲ့သည် ဥရောပသမဂ္ဂ၊ ရုရှားနှင့် အိမ်နီးချင်းနိုင်ငံများကို အကူအညီတောင်းခံထားသည်ဟု ပြောသည်။

ဆားဘီးယား ကယ်ဆယ်ရေးသမားများက ယခုအချိန်အထိ လူဦးရေ ၄၀၀၀ ခန့်ကို ရွှေ့ပြောင်းပေးပြီးပြီဟု ဆိုသည်။

ဘော့စနီးယားတွင် ဒုက္ခသည်များသည် ၎င်းတို့၏နေအိမ်ခေါင်မိုးများပေါ်၌ အကူအညီများကို စောင့်ဆိုင်းကြလျက်ရှိပြီး စစ်ဘက်ရဟတ်ယာဉ်များက ၎င်းတို့ကို ကယ်ဆယ်ရန် ကြိုးပမ်းလျက်ရှိသော်လည်း မိုးသက်လေပြင်းတိုက်ခတ်ခြင်းက အနှောင့်အယှက်ပေးလျက်ရှိသည်ဟုဆိုသည်။

ဘီဘီစီ။

ခရုသင်းရောဂါသည်များအား ကာကွယ်စောင့်ရှောက်ရေး ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် တိုက်တွန်း

ကုလသမဂ္ဂ မေ ၁၇

ခရုသင်းရောဂါစွဲကပ်နေသော ရောဂါသည်များအား ပိုမို၍ကာကွယ်စောင့်ရှောက်ပေးကြရန် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်မဟာမင်းကြီး နေဗီပီလေးက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

တန်ဇန်းနီးယားနိုင်ငံ၌ ခရုသင်းရောဂါခံစားနေရသူအမျိုးသမီးတစ်ဦး ရက်စက်ကြမ်းကြုတ်စွာသတ်ဖြတ်ခံရသည့်ဖြစ်ရပ် မကြာမီကပေါ်ပေါက်ခဲ့ပြီးနောက် ပီလေးက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။

တန်ဇန်းနီးယားနှင့် အခြားသောနိုင်ငံများတွင် ခရုသင်းရောဂါခံစားနေရသူများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ ရှိနေပုံကို ယင်းဖြစ်ရပ်က ဖော်ညွှန်းနေကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်းတွင် ခရုသင်းရောဂါသည်များသည် တိုက်ခိုက်ခံရခြင်းများ သို့မဟုတ် ကြောက်ခမန်းလိလိ ခွဲခြားဆက်ဆံခံရခြင်းများနှင့် ရင်ဆိုင်နေရသည့်အပြင် စိတ်ဒဏ်ရာရရှိခြင်းနှင့် လူ့အဖွဲ့အစည်းမှ အကြဉ်ခံရခြင်းတို့ကိုပါ တွေ့ကြုံနေကြရကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

တန်ဇန်းနီးယားနိုင်ငံ အနောက်မြောက်ပိုင်းဒေသ၌ နေထိုင်သူ အသက် ၄၀အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် မေ ၁၂ ရက်က ခြေလက်များဖြတ်တောက်ခံရကာ သေလုမျောပါးဖြစ်နေသည်ကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

ခရုသင်းရောဂါ စွဲကပ်ရခြင်းသည် ပြစ်ဒဏ်ခံရမှုကြောင့်ဖြစ်ရပြီး ခရုသင်းရောဂါသည်၏ ခြေလက်တို့ကိုဖြတ်တောက်ပြီး ယစ်ပူဇော်ရန် လိုအပ်သည်ဟုဆိုကာ ယင်းအမျိုးသမီးကို ဝိုင်းဝန်းနှိပ်စက်ခဲ့ကြရာမှ ၎င်းမှာသေဆုံးခဲ့ရသည်။

ခရုသင်းရောဂါသည်ကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့မှုဖြင့် ပယောဂကုသသူ လူနှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

တန်ဇန်းနီးယားနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ခရုသင်းရောဂါသည် ၇၃ ဦးထက်မနည်း အသတ်ခံခဲ့ရကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်က ပြောကြားသည်။

ဆင်ဟွာ။

တောင်အာဖရိက အမျိုးသားဥယျာဉ်၌ ဆင်ခိုးဝှက်သတ်ဖြတ်ခံရမှု ဖြစ်ပွား

ကိပ်တောင်း မေ ၁၇

တောင်အာဖရိကနိုင်ငံ ကရူဂါအမျိုးသားသစ်တောဥယျာဉ်တွင် ဆယ်စုနှစ်တစ်နှစ်အတွင်း ပထမဆုံးအကြိမ် ဆင်တစ်ကောင် ခိုးဝှက်သတ်ဖြတ်ခံခဲ့ရကြောင်း သစ်တောဥယျာဉ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေ ၁၇ ရက်တွင် ပြောကြားသည်။

ကရူဂါအမျိုးသားသစ်တောဥယျာဉ်သည် ကြံ့အများအပြား ခိုးဝှက်သတ်ဖြတ်ခံရမှုများ ဖြစ်ပွားခဲ့သည့် ဥယျာဉ်တစ်ခုဖြစ်သည်။

အဆိုပါဥယျာဉ်အတွင်း အစွယ်ဖြတ်ယူခံထားရသော ဆင်သေတစ်ကောင်ကို တောအုပ်များက မေ ၁၅ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းဆင်သည် မေလဆန်းက သတ်ဖြတ်ခံခဲ့ရသည်ဟု ယူဆရကြောင်း သစ်တောဥယျာဉ်ပြောရေးဆိုခွင့်ရှိသူ ဖာလာက ပြောကြားသည်။

အာဖရိကတိုက်တစ်ဝန်း၌ ဆင်များခိုးဝှက်သတ်ဖြတ်ခံရမှုဖြစ်ရပ်များ အများအပြားပေါ်ပေါက်ခဲ့သော်လည်း တောင်အာဖရိကနိုင်ငံမှာ ဥပဒေမဲ့တောရိုင်းမုဆိုးများ၏ ဘေးအန္တရာယ်မှများစွာ သက်သာရာရခဲ့သည်။

ကရူဂါသစ်တောဥယျာဉ်၌ တောဆင်ရိုင်း ၁၆၇၀၀ ကောင် ကျက်စားနေထိုင်ကြောင်း ၂၀၁၂ ခုနှစ် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သတ်ဖြတ်ခံခဲ့ရသောဆင်မှာ အစွယ်ဖြတ်တောက်ယူဆောင်ခြင်းခံခဲ့ရကြောင်း၊ လူလေးဦး၏ခြေရာများကို ရှာဖွေတွေ့ရှိရပြီး ၎င်းတို့သည် မိုဇမ်ဘစ်နိုင်ငံဘက်သို့ ထွက်ခွာသွားပုံရကြောင်း သစ်တောဥယျာဉ် တာဝန်ရှိသူက ပြောကြားသည်။

ကရူဂါသစ်တောဥယျာဉ်၏ နယ်စပ်ဒေသမှာ မိုဇမ်ဘစ်နိုင်ငံနှင့် ထိစပ်လျက်ရှိသည်။ ယင်းနယ်စပ်ဒေသတွင် မကြာသေးမီကာလမှစ၍ ကြည်းတပ်တပ်ဖွဲ့ဝင်များက ကင်းလှည့်စောင့်ကြပ်မှုများ တိုးမြှင့်ပြုလုပ်ခဲ့ရာ ကြံ့များ ခိုးဝှက်သတ်ဖြတ်ခံရမှုဖြစ်ရပ်လျော့နည်းသွားခဲ့သည်။

ရိုက်တာ။

ကရူဂါအမျိုးသားသစ်တောဥယျာဉ်၌ တောဆင်ရိုင်းများ ကျက်စားနေသည်ကို တွေ့ရစဉ်။

လာအိုနိုင်ငံမြောက်ပိုင်း၌ စစ်လေယာဉ်တစ်စင်းပျက်ကျ ဒုဝန်ကြီးချုပ်အပါအဝင် လူ ၂၀ သေဆုံး

ဗီယန်ကျင်း မေ ၁၇

လာအိုနိုင်ငံတွင် လေတပ်မှ စစ်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင် လိုက်ပါသည့် အစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဒန်ချေးပီချက်အပါအဝင် အထက်တန်းတာဝန်ရှိသူများ သေဆုံးကြကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။(အပေါ်ပုံ)

အဆိုပါလေယာဉ်သည် မြို့တော် ဗီယန်ကျင်းမှ ကီလိုမီတာ၅၀၀(၃၁၁မိုင်) အကွာ မြောက်ပိုင်းပြည်နယ် ကျန့်ကောင်မြို့သို့ ဆင်းသက်စဉ်တွင် ပျက်ကျခြင်းဖြစ်သည်။ ကျန့်ကောင်မြို့မှ ၂ ကီလိုမီတာ (၁ဒသမ၂၅မိုင်)အကွာ ကျေးရွာတစ်ရွာအနီးတွင် လေယာဉ်ပျက်ကျခဲ့သည်။

လာအိုနိုင်ငံ ဒေသခံသတင်းဌာနများနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ ဖော်ပြချက်အရ လာအို ဒုတိယဝန်ကြီးချုပ်နှင့်အတူ ၎င်း၏ ဇနီးလည်း လေယာဉ်ပျက်ကျရာ၌ ပါဝင်သည်ဟု သိရသည်။

အဆိုပါလေယာဉ်ပေါ်တွင် ဗီယန်ကျင်းမြို့တော် အုပ်ချုပ်ရေးမှူး အပါအဝင် လူ ၂၀ ကျော်ခန့် လိုက်ပါလာခဲ့သည်။

ကျန့်ကောင်မြို့၌ ကျင်းပသည့် အခမ်းအနားတစ်ရပ်သို့တက်ရောက်ရန်လာရောက်ကြသည့် ခရီးစဉ်အတွင်း လေယာဉ်ပျက်ကျခြင်းဖြစ်သည်။

လာအိုလေတပ်မှ လေယာဉ်မှူးများ မောင်းနှင်သည့် အန်တိုနော့ဗ် အေအန်-၇၄ တီကေ အမျိုးအစားလေယာဉ်သည် အဆိုပါမြို့ လေဆိပ်သို့ ဆင်းသက်စဉ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း လာအိုသတင်းဌာန ကေပီအယ်လ်က ပြောကြားသည်။

ဘီဘီစီ။

သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ(သံဃာ့ဆေးရုံ) ဖွင့်ပွဲအခမ်းအနား ပျဉ်းမနားမြို့၌ ကျင်းပ

နေပြည်တော် မေ ၁၇

နေပြည်တော် ကောင်စီနယ်မြေနှင့် အနီးပတ်ဝန်းကျင်ဒေသများမှ ဆရာတော် သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည့် သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ (သံဃာ့ဆေးရုံ)ကို ရွှေမိသားစု ဖောင်ဒေးရှင်းနှင့် စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် အလျား ပေ ၈၀၊ အနံ ပေ ၈၀ ရှိသော သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ (သံဃာ့ဆေးရုံ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနား မစတင်မီ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော် ၁၈ ပါးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အန္တရာယ်ကင်းပရိတ်တရားတော်များ နာကြားကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက သံဃာ့ဆေးရုံတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ (သံဃာ့ဆေးရုံ)အတွက် စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးဝါး၊ ဆေးပစ္စည်းနှင့် ဆေးရုံသုံးပစ္စည်းအမျိုး ၁၉၀ နှင့် စေတနာရှင် အလှူရှင် ၁၄ ဦးတို့က ငွေကျပ် သိန်းပေါင်း ၆၁၆၇ ဒသမ ၅၅၇ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် နေပြည်တော် ကောင်စီဝင်များက လက်ခံကြသည်။

သံဃာ့ဆေးရုံကြီးကို ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် ဗိုလ်တောက်ထိန်လမ်း၌ ရွှေမိသားစုဖောင်ဒေးရှင်း မတည်လှူဒါန်းငွေနှင့် စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် အလျား ပေ ၈၀ ၊ အနံ ပေ ၈၀ ရှိ ခြောက်ထပ်ဆေးရုံကြီးအဖြစ် ယနေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သံဃာ့ဆေးရုံကြီး မြေညီထပ်တွင် ပြင်ပလူနာ စမ်းသပ်ခန်းများ၊ ပထမထပ်တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် သွားကုသဆောင်များ၊ ဒုတိယထပ်တွင် ခွဲစိတ်ဆောင်များ၊ တတိယထပ်တွင် သီလရှင် ကုသဆောင်များ၊ စတုတ္ထနှင့် ပဥ္စမထပ်တို့တွင် ဆရာတော်ကြီးများအတွက် သီးသန့်ကုသဆောင်များ ဖွဲ့စည်းထားရှိပြီး ဓာတ်လှေကားတစ်စင်းနှင့် ယာဉ်အစီး ၂၀ ခန့် ရပ်နားနိုင်မည့် ယာဉ်ရပ်နားကွင်းတစ်ခုတို့ပါရှိပြီး ဆရာတော်၊ သံဃာတော်များအား အခမဲ့ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ဆေးရုံမျက်နှာစာ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဒေါက်တာပိုင်စိုးက ဆေးရုံဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် သံဃာ့ဆေးရုံကြီးကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဦးကံချွန်၊ ဒေါက်တာပိုင်စိုး၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် သံဃာ့ဆေးရုံ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆေးရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် သံဃာ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ (သံဃာ့ဆေးရုံ)ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်မှာ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ရန်အတွက် ရည်ရွယ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေချိန် နှစ်ပိဿာရှိ ပေါ်တော်မူရွှေဆင်းတု မဟာဝိဇယစေတီတော်၌ ဖူးမြော်ကြည်ညိုနိုင်

ရန်ကုန် မေ ၁၇

မဟာဝိဇယစေတီတော်ကြီး၏ လိုဏ်ပတ်လမ်းမှခ်ဝ၌ အများပြည်သူ ရဟန်းရှင်လူများ ဖူးမြော်ကြည်ညို သဒ္ဓါပွားများနိုင်ရန် ကုန်းဘောင်ခေတ် ရွှေချိန်နှစ်ပိဿာရှိ ဆုတောင်းပြည့် ပေါ်တော်မူ ရွှေဆင်းတုတော်အား မေ ၁၃ ရက် (ကဆုန်လပြည့်နေ့)မှ စ၍ ပူဇော်ခံထားကြောင်း စေတီတော်ဂေါပကအဖွဲ့မှ သိရှိရသည်။

အဆိုပါ ရွှေဆင်းတုတော်အား စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦး ဆရာတော်ဦးအာစိဏ္ဏက လှူဒါန်းထားပြီး မြန်မာသက္ကရာဇ် ၁၃၄၁ ခုနှစ်တွင် မန္တလေးမြို့ မစိုးရိမ်တိုက် သစ်မြောက်ဘက် သင်္ဂဇာချောင်း အတွင်းမှ တွေ့ရှိရသော ကုန်းဘောင်ခေတ်ပေါ်တော်မူ ဗုဒ္ဓရွှေဆင်းတုတော် ဖြစ်သည်။

“ချောင်းဦးဆရာတော် ဦးအာစိဏ္ဏက ရွှေဆင်းတုတော်အား သာသနာရေးဝန်ကြီးဌာနကို လှူတယ်။ အဲဒီကတစ်ဆင့် မဟာဝိဇယစေတီတော်ကြီး ဌာပနာအတွက် လာလှူတယ်။ လာလှူတဲ့အချိန်မှာ ဌာပနာက ပိတ်သွားတဲ့အတွက် ဌာပနာမသွင်းဖြစ်ဘူး။ ရွှေချိန်နှစ်ပိဿာနဲ့ ထုလုပ်ထားတဲ့အတွက် တန်ဖိုးကကြီးတယ်။ ဒါကြောင့် လုံခြုံရေးအရအပြင်မှာ အပူဇော်ခံမထားဘူး။ ဘဏ္ဍာတိုက်ထဲမှာ သိမ်းထားတာကြာပါပြီ။ ကဆုန်လပြည့်နေ့ကစပြီး အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်အောင် အမြဲတမ်းဖွင့်လှစ် အပူဇော်ခံထားပါတယ်။ သေချာဖူးမြော်နိုင်အောင် အဆောက်အအုံကိုလည်း စိတ်ချရအောင် လုပ်ထားပါတယ်။ ရွှေဆင်းတုရဲ့ ထူးခြားဖြစ်စဉ်များကို အာရုံပြုပြီး ဆုတောင်းပါကဆုတောင်းပြည့်တယ်လို့ ယုံကြည်ပါတယ်”ဟု မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ဝင် ဦးသိန်းမြင့်က ပြောသည်။

(ရီရီသန့်)

ကတ္တရာလမ်း၊ လျှပ်စစ်မီးနှင့် စာကြည့်တိုက်ဖွင့်လှစ်လှူဒါန်း

ကျုံပျော် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ကွဲခြံဒေါင့်လေးကျေးရွာအုပ်စု ကွဲခြံဒေါင့်လေးကျေးရွာ၌ စာကြည့်တိုက်၊ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း၊ လျှပ်စစ်မီးနှင့် ထရန်စဖော်မာဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်က ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးနှင့် ထရန်စဖော်မာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးက စာကြည့်တိုက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယခု ဖွင့်လှစ်သော ပေ(၅၇၂၀× ၈)ရှိ သပြေငူ-ကွဲခြံဒေါင့်လေးလမ်း ကတ္တရာလမ်း၊ ပေ (၅၁၅၀×၈)ရှိ အုန်းကုန်း-ကွဲခြံဒေါင့်လေးမြေသားလမ်း၊ ပေ(၂၄ × ၂၀ × ၅၀) ရှိ အုန်းကုန်း-ကွဲခြံဒေါင့်လေးလမ်းရှိ ကွန်ကရစ်တံတား၊ ၁၀၀ KVA ရှိ လျှပ်စစ်နှင့် ထရန်စဖော်မာတပ်ဆင် သွယ်တန်းခြင်းနှင့် ပေ (၂၄×၁၄ ×၁၂)ရှိ သုတဘဏ်စာကြည့်တိုက်တို့ကို ငွေကျပ် ၇၃၅ သိန်းအကုန်အကျခံကာ အလှူရှင်ဦးမြင့်စိုးထွန်း-(ဇနီး)ဒေါ်ချိုချိုသင်း၊ (သမီး) မချိုသဥ္ဇာဦး၊ (သား)မောင်ဇင်လင်းထက် ရွှေဂေဟာကုမ္ပဏီလီမိတက် မိသားစုက လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်
(၁)	ခွဲကျောက် (အရွယ်စုံ) ၆"-၉"၊ ၂"-၄"၊< ၃"၊ ၁"-၂"၊ -၁/၂"- ၃/၄"၊ ၃/၈"၊ လိပ်သဲကျောက်များ
(၂)	ဂဝံကျောက် (ကော့မှူး) (ဖူးကြီး) (မုပ္ပလင်)
(၃)	ဂဝံမြေကြီး
(၄)	ဘိလပ်မြေ
(၅)	မြစ်သဲ
(၆)	မြစ်ကျောက်စရစ်
(၇)	အုတ်
(၈)	တောသစ်(ပျဉ်) (ထု)

၂။ တင်ဒါတင်သွင်းရမည့်ရက် - ၂၀-၅-၂၀၁၄ ရက် မှ ၂၉-၅-၂၀၁၄ ရက် မွန်းတည့် ၁၂း၀၀ နာရီထိ

တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်- ၂၉-၅-၂၀၁၄ ရက် မွန်းလွဲ ၁း၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့။ ဖုန်း-၀၅၆-၂၁၀၅၆၊ ၀၅၆-၂၁၀၇၉

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့တွင် ၂၀-၅-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းဆင့်ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် လေ့ကျင့်ခန်းဗလာစာအုပ်များ အခမဲ့ထောက်ပံ့ပေးရန်လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များကိုတင်ဒါအိတ်ဖွင့်စနစ်ဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ လေ့ကျင့်ခန်းစာအုပ်၏ အရည်အသွေးမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) စာအုပ်အရွယ်အစား - ၆. ၂၅×၈. ၂၅လက်မ
(ခ) လိုင်းအရေအတွက် - ၂၂လိုင်း(အနည်းဆုံး)
(ဂ) အဖုံးစက္ကူ - 180gsm Duplex Board (colour)
(ဃ) အတွင်းစက္ကူ - 60gsm indo LK woodfree
(င) စာမျက်နှာ - 80 Pages
(စ) စာအုပ်အဖုံး - စာအုပ်အဖုံးအရှေ့နှင့်အနောက်အတွင်းဘက်များတွင် ထည့်သွင်းပေးရန် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မေတ္တာရပ်ခံသည့် မြေလျှင်ဘေးနှင့်သက်ဆိုင်သည့် သတိပြုဆောင်ရွက်ရမည့် ကြော်ငြာများထည့်သွင်းရန်၊ စာအုပ်အဖုံးအရှေ့အပြင်ဘက်တွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာစာသားပါရှိသည့် ပညာရေး Logo နှင့်စာအုပ်အဖုံးအနောက်အပြင်ဘက်တွင် မြန်မာ့ရိုးရာလူမှုရေးကျင့်ဝတ်များ ထည့်သွင်းရိုက်နှိပ်ရန်(ဆရာကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ သားသမီးကျင့်ဝတ်)

၃။ တင်ဒါများကိုအောက်ပါအတိုင်းရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက-ဖုန်း-၀၉-၂၅၆၀၃၇၆၉၈၊ ၀၉-၅၃၄၂၀၈၁၊၀၆၃-၂၅၀၅၆၊ ၀၆၃- ၂၅၀၆၉တို့သို့ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်-

(က) ရောင်းချမည့်နေ့ရက် -၁၆-၅-၂၀၁၄ရက်(သောကြာနေ့)
(ခ) တင်ဒါပိတ်မည့်ရက်၊ အချိန် -၂၃-၅-၂၀၁၄ရက်(သောကြာနေ့) ၁၆း၃၀နာရီ
(ဂ) ရောင်းချမည့်နေရာ -မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဂရုပြုသတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေ

ပြည်သူတစ်ဦး

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် တာဝန်ယူဆောင်ရွက်နေရသော အမျိုးသားအဆင့်ကော်မတီများအနေဖြင့် သာမန်ပြည်သူတစ်ဦး၏ ပျမ်းမျှဝင်ငွေ၊ အခြေခံလိုအပ်ချက်၊ လက်ရှိငွေကြေးဖောင်းပွမှုအခြေအနေ (Inflation)၊ အလုပ်အကိုင်အခွင့်အလမ်း (Employment Opportunity)များအပေါ် အလေးထားဂရုပြု သုံးသပ်သင့်ပါကြောင်း ...

၂၀၁၄ ခုနှစ် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပပြီးစီးချိန်အထိ ပြည်သူများအတွက် အမှန်တကယ်လိုအပ်သော ဥပဒေများ အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ပြဋ္ဌာန်းမှုများအနက် နိုင်ငံတော်အတွက် လွန်စွာအရေးပါလှသော အမျိုးသားကုန်ထုတ်လုပ်မှုစွမ်းပကားနှင့်သော်လည်းကောင်း၊ နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေသော အလုပ်သမားထုတစ်ရပ်လုံး နိစ္စဓူဝကြုံတွေ့နေရသော မိသားစုစားဝတ်နေရေးအခက်အခဲအကျပ်အတည်းနှင့်သော်လည်းကောင်း၊ တိုက်ရိုက်သက်ဆိုင်သည့် အနည်းဆုံးအခကြေးငွေ (Minimum Wages) ဥပဒေကို ၂၀၁၃ ခုနှစ် မတ် ၂၂ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအဖြစ် အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့သည့်အပြင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြဋ္ဌာန်းဥပဒေအား အမြန်ဆုံးလက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အနည်းဆုံးအခကြေးငွေ နည်းဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့သည်ကိုလည်း သိရှိခဲ့ရပါသည်။

ယခုအခါ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက အနည်းဆုံးအခကြေးငွေ (Minimum Wages) သတ်မှတ်ရေးနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲများကို ၂၀၁၄ ခုနှစ် မတ်လမှစတင်ဆောင်ရွက်သည်ကို မြင်တွေ့ရပါသည်။

အနည်းဆုံးအခကြေးငွေ (Minimum Wages) သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ဘက်ပေါင်းစုံမှအမြင်များ အသေးစိတ်ထည့်သွင်းဆွေးနွေးရန် လိုအပ်မည်ဟုထင်မြင်မိပါသည်။ ဥပမာ ဖွံ့ဖြိုးမှုမတူညီသောဒေသ၊ လူဦးရေ၊ အလုပ်အကိုင်အခွင့်အလမ်း(Employment Opportunity)၊ အသက်မွေးဝမ်းကျောင်းမှု၊ နေထိုင်စားသောက်မှုပုံစံ၊ ဒေသအလိုက် ကွဲပြားသော လူနေမှုအဆင့်အတန်း၊ နေထိုင်စားသောက်မှုစရိတ်၊ မတူကွဲပြားသောကုန်ဈေးနှုန်းဖြစ်တည်မှု၊ ငွေကြေးဖောင်းပွမှု (Inflation) နှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ (Small &Medium Enterprises) ဖွံ့ဖြိုးမှုအခြေအနေများသည် မဖြစ်မနေ အသေးစိတ်စစ်တမ်းကောက်ယူထည့်သွင်းဆွေးနွေးရမည့်အချက်ဟုဆိုလျှင် မှားနိုင်မည်မဟုတ်ပါ။

အနည်းဆုံး အခကြေးငွေ (Minimum Wages) သတ်မှတ်ရာတွင် အမျိုးသားကုန်ထုတ်လုပ်မှုစွမ်းပကားကို ထိခိုက်မှုမရှိစေဘဲ အလုပ်ရှင်/လုပ်ငန်းရှင် (သို့မဟုတ်)ပိုင်ရှင်နှင့်အလုပ်သမားတို့အကြား နှစ်ဦးနှစ်ဖက်အပြန်အလှန်အကျိုးစီးပွား (Mutual Interests)အပေါ် အခြေခံ၍ နိုင်ငံတော်၊ အလုပ်ရှင်၊ အလုပ်သမား သုံးဦးသုံးဖလှယ်ထာဝရအကျိုးဖြစ်ထွန်းစေနိုင်မည့် ညီညွတ်မျှတသော အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် လိုအပ်သောကဏ္ဍပေါင်းစုံတွင် လုံလောက်သောအချိန်ယူ၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ အမှန်တကယ်ပြည်သူလူထုအတွက် အခြေခံကျသောလူမှုရေးအကာအကွယ်ပေးမှု (Basic Social Protection) ဖြစ်နိုင်မည့် "**နှုန်းတစ်ခု**"ကို ညှိနှိုင်းဖော်ထုတ်သတ်မှတ်နိုင်မည်ဟု ထင်မြင်ယူဆမိပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် အလုပ်ရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များအား တွေ့ဆုံဆွေးနွေးရာတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အဆင့်ဆင့်လိုအပ်ချက်များအား အသေးစိတ်စစ်တမ်းကောက်ယူနိုင်ရန်အတွက် လမ်းညွှန်မှုပေးရာတွင်လည်းကောင်း၊ **"ယေဘုယျအားဖြင့် သုံးသပ်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်လိုအပ်သည့် အချက်အလက်များအားအသေးစိတ်စစ်တမ်းကောက်ယူခြင်းမျိုး ဆောင်ရွက်ခြင်း"** ဥပမာ-လက်လုပ်လက်စားဟုခေါ်ဆိုနိုင်သည့် သာမန်ပြည်သူများ၏ဘဝတွင် နိစ္စဓူဝ ဝင်ငွေ၊ ထွက်ငွေမမျှမှုကိုကြုံတွေ့နေရသည့်အပြင် လူမှုရေး၊ ကျန်းမာရေးအစရှိသည်တို့တွင် မဖြစ်မနေကုန်ကျရန် ကြုံကြိုက်လာသောအခါတွင် ငွေပိုငွေလျှံမရှိသည့်အပြင် သားသမီးများ၏ ပညာရေးအတွက်ပင် သုံးစွဲရန် ငွေကြေးမလုံလောက်သည့်အတွက် အခြေခံပညာမှအစ တက္ကသိုလ်ပညာရေးအဆုံး စာသင်နှစ်တစ်နှစ်မှ တစ်နှစ်၊ တစ်တန်းမှ တစ်တန်း အလျဉ်မီအောင် ခြိုးခြံချွေတာ ပေါင်နှံချေးငှား၍ ဖြေရှင်းဆောင်ရွက်ပေးနေရသည့် ကိစ္စရပ်များအထိ သိရှိအောင် အောက်ခြေတွင် စနစ်တကျအသေးစိတ်စစ်တမ်းကောက်ယူခြင်းမျိုးပြုလုပ်နိုင်မှသာ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် လိုအပ်သော အထောက်အပံ့ကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့လက်အောက်ရှိ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့လက်အောက်ရှိ အခြားကဏ္ဍအလိုက် သက်ဆိုင်သောဝန်ကြီးဌာနများအနေဖြင့်လည်း အခြေခံအကျဆုံးသော လက်လုပ်လက်စားပြည်သူတစ်ဦးချင်း၏ ပကတိ ဝင်ငွေ၊ ထွက်ငွေမှအစပြု၍ သံသရာလည်နေသောဘဝမှန်အား စနစ်တကျပူးပေါင်းသုတေသနပြုစစ်တမ်းကောက်ယူနိုင်မှသာ တဒင်္ဂမဟုတ်ဘဲ ထာဝရပြည်သူဗဟိုပြုစနစ်ကို အခြေခံနိုင်သော အနီးစပ်ဆုံးစစ်မှန်သည့်အခကြေးငွေကို သတ်မှတ်နိုင်လိမ့်မည်ဟု အကြံပြုအပ်ပါသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် တာဝန်ယူဆောင်ရွက်နေရသော အမျိုးသားအဆင့်ကော်မတီများအနေဖြင့် သာမန်ပြည်သူတစ်ဦး၏ ပျမ်းမျှဝင်ငွေ၊ အခြေခံလိုအပ်ချက်၊ လက်ရှိငွေကြေးဖောင်းပွမှုအခြေအနေ (Inflation)၊ အလုပ်အကိုင်အခွင့်အလမ်း (Employment Opportunity) များအပေါ် အလေးထားဂရုပြုသုံးသပ်သင့်ပါကြောင်း ရိုသေစွာဖြင့်အကြံပြုအပ်ပါသည်။

အလုပ်ရှင်များအနေဖြင့်လည်း လိုအပ်ချက်အရ အမျိုးသားအဆင့်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်သည့်အခါ နိုင်ငံတော်၏ကုန်ထုတ်လုပ်မှု စဉ်ဆက်မပြတ်တိုးတက်ရန်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်မှ အလေးထားဆောင်ရွက်ပေးနေသည့် ပြည်သူလူထုဘဝတိုးတက်မြင့်မားရေး ဆောင်ရွက်မှုကိစ္စရပ်များအပေါ် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ရန်အတွက်လည်းကောင်း မိမိ၏လုပ်ငန်းအလုပ်ရုံ၊ စက်ရုံများ၏ ရင်းနှီးမြှုပ်နှံမှုလက်ရှိလည်ပတ်ဆောင်ရွက်မှုအခြေအနေများအား ပကတိအခြေအနေအတိုင်း ထိမ်ချန်မှုမရှိဘဲ သက်ဆိုင်ရာတာဝန်ရှိအမျိုးသားအဆင့်ကော်မတီများ **"မှန်မှန်ကန်ကန်စစ်တမ်းကောက်ယူသုံးသပ်ဆုံးဖြတ်နိုင်ရန်အတွက်"** ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်သင့်ပါသည်။

အလုပ်သမားများအနေဖြင့်လည်း အလုပ်ရှင်နှင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဦးစွာစောင့်သိ၍ မိမိတာဝန်ထမ်းဆောင်ရာ ကျရာနေရာအခန်းကဏ္ဍတွင် တာဝန်ကျေပွန်အောင်ထမ်းဆောင်ခြင်းမှအစ တာဝန်သိမှု၊ တာဝန်ယူမှုအဆုံးကိစ္စရပ်များအား အထူးဂရုပြုအလေးထားဆောင်ရွက်၍ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားလုပ်ကိုင်ဆောင်ရွက်ရင်း **"ဥပဒေဘောင်အတွင်း"** မှ အထွေထွေ၊ ကျွမ်းကျင်၊ အသိပညာရှင်အတတ်ပညာရှင် စသည်ဖြင့်ကွဲပြားခြားနားသော တာဝန်ထမ်းဆောင်မှုနှင့် လုပ်ငန်းအလိုက် ခေတ်ကာလနှင့်လျော်ညီသည့် **"အနည်းဆုံးအခကြေးငွေ"**ရရှိရေးအတွက် သက်ဆိုင်ရာအမျိုးသားအဆင့်ကော်မတီများနှင့် အပြုသဘောဆောင်ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါသည်။

အိမ်နီးချင်းထိုင်းနိုင်ငံတွင်လည်း တစ်နိုင်ငံလုံးတစ်ပြေးညီ တစ်နေ့အနည်းဆုံး လုပ်အားခ ဘတ် ၃၀၀ သတ်မှတ်ထားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းပေါများသော မြို့ကြီးများတွင် ဖော်ပြပါသတ်မှတ်ငွေအတိုင်း အလုပ်ရှင်၊ အလုပ်သမားအပေးအယူမျှတအဆင်ပြေသော်လည်း အလုပ်အကိုင် ထင်သလောက်မကောင်းသော ထိုင်းနိုင်ငံ၏ နယ်မြို့များတွင် တစ်နေ့လုပ်ခ ဘတ် ၃၀၀ ကို အလုပ်ရှင်များအနေဖြင့် မပေးချေနိုင်ကြောင်း မြန်မာရွှေ့ပြောင်းအလုပ်သမားများထံမှ ပြန်လည်ကြားသိရနေရသကဲ့သို့ အာရှတိုက်မှ နည်းပညာနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ထိပ်တန်းရောက်ရှိနေသော ဂျပန်နိုင်ငံသည်ပင် အနည်းဆုံး အခကြေးငွေသတ်မှတ်ရန် ကိုးနှစ်ခန့် အချိန်ယူဆောင်ရွက်ခဲ့ရကြောင်း လေ့လာသိရှိခဲ့ရပါသည်။

၂၀၁၄ ခုနှစ် မေလ ၁ ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့အလုပ်သမားနေ့ မတိုင်မီရက်ပိုင်းနှင့် အလုပ်သမားနေ့ကျင်းပပြီးကာလ ရက်ပိုင်းများအတွင်း မြန်မာနိုင်ငံရှိ အလုပ်သမားအဖွဲ့အစည်းများက အနည်းဆုံးအခကြေးငွေနှင့်ပတ်သက်၍ ၅၆၀၀ ကျပ်မှ အစပြု၍၈၅၀၀ ကျပ်အထိ အမျိုးမျိုးထင်ကြေးပေးသတ်မှတ်မှုများကိုလည်း သတင်းအရင်းအမြစ်အမျိုးမျိုးမှ ဖတ်ရှုကြားသိခဲ့ရပါသည်။

စာရေးသူတို့နိုင်ငံ၏ အနည်းဆုံးအခကြေးငွေဥပဒေ အခန်း(၃)၊ အပိုဒ်ခွဲ(ဇ)တွင် ပြဋ္ဌာန်းသတ်မှတ်ချက်အရ သတ်မှတ်လုပ်ငန်းအလိုက်၊ ဒေသအလိုက် အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုတို့ကို ခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး **"နှစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်"** ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြေညာခြင်းအား ဆောင်ရွက်နိုင်ကြောင်းပါရှိသော်လည်း **"ကနဦးအတည်ပြုသတ်မှတ်မှု၏ ကောင်းမွေဆိုးမွေကို"**ဥပဒေအရ အနည်းဆုံး နှစ်နှစ်အထိ ကြုံတွေ့ခံစားရမည်ဖြစ်သောကြောင့် အမှန်တကယ် ပြည်သူလူထုအတွက် အခြေခံကျသော လူမှုရေးအကာအကွယ်ပေးမှု (Basic Social Protection) ဖြစ်နိုင်မည့် **"နှုန်းတစ်ခုကို"** ဖော်ထုတ် သတ်မှတ်နိုင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သက်ဆိုင်ရာဖွဲ့စည်းပေးထားသော အမျိုးသားအဆင့် ကော်မတီအသီးသီးမှ ပြည်သူလူထုအကျိုးရှေးရှု၍ မှန်မှန်နှင့် မြန်မြန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း မွန်မြတ်သော စိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။

သုံးခွ ဇောတိကကျေးရွာ၌ ရေလှူဒါန်း

သုံးခွ မေ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေလိုအပ်လျက်ရှိသော ဇောတိကကျေးရွာသို့ ယနေ့နံနက်ပိုင်းက ရေသယ်ယာဉ်ဖြင့် သွားရောက်ဖြန့်ဝေပေးရာ **(အပေါ်ပုံ)** မြို့နယ်ဦးစီးမှူးဦးစိုးကျော်သူ နှင့်ရုံးအဖွဲ့ဝန်ထမ်းများက စနစ်တကျ ဖြန့်ဝေပေးခဲ့ပြီး ဇောတိကကျေးရွာနေ အိမ်ခြေ ၂၁၉ လုံးရှိ လူဦးရေ ၈၇၅ ဦးအတွက် များစွာ အကျိုးကျေးဇူးရှိကြောင်း သိရသည်။ **(ကြည်စိုးလွင်-သုံးခွ)**

မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေး မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်

ပဲခူး မေ ၁၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ထောက်ပံ့ရေးတပ်ခွဲ၌ တပ်မတော်သားများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်းနှင့် မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

ပဲခူးခရိုင် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမြင့်က မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ် မီးငြိမ်းသတ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းကိရိယာများအကြောင်း ပညာပေးဆွေးနွေးသည်။

မီးသတ် တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ ပူးပေါင်း၍ ဆီမီးလောင်မှုကို (D.C.P) မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းများ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။**(ယာပုံ)**

ဌေးနိုင်(ပဲခူး)

ပြန်ကြားရေးဝန်ကြီးဌာန၏ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေး

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ် ပြန်ကြားရေးဝန်ကြီးဌာန၏ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန၏ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က နေပြည်တော်၌ ပုံနှိပ်လုပ်ငန်းအဖွဲ့များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့နှင့် ဆွေးနွေးပြီး အကြံပြုချက်များ ရယူခဲ့ကြောင်း၊ မိမိတို့ ဆွေးနွေးတင်ပြချက်များကို တက်ရောက်လာကြသူများက ဝိုင်းဝန်းအတည်ပြုပြီးပါက သက်ဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြပြီး ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က မူလနည်းဥပဒေ(မူကြမ်း)နှင့် အကြံပြုချက်များအရ ပြုပြင်ဖြည့်စွက်ထားသည့် နည်းဥပဒေ(မူကြမ်း)များကို နှိုင်းယှဉ်၍ ရှင်းလင်းပြောကြားသည်။

ယင်းရှင်းလင်းချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

❂ မြန်မာ-မလေးရှားမှ

ယခု ဒုတိယအကြိမ် ခွဲစိတ်မှုအဖြစ် မေ ၁၅ ရက် နှင့် ၁၆ ရက်တို့တွင် မွေးရာပါနှလုံး အပေါက်ပါသော အသက်လေးနှစ်မှ ၁၂ နှစ်အတွင်းရှိသော ကလေးငယ် ခုနစ်ဦးတို့ကို လည်းကောင်း ရန်ကင်းကလေးဆေးရုံကြီးတွင် အောင်မြင်စွာ ခွဲစိတ်ကုသ လုပ်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

"ခေတ်မီကောင်းမွန်တဲ့ ဆေးပညာရပ်တွေနဲ့ အသက်ကယ်တင်မှုတွေ လုပ်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်"ဟု မလေးရှားနိုင်ငံ အမျိုးသားနှလုံး အထူးကုဆေးရုံကြီး (IJN) မှ ကလေးနှလုံးရောဂါအထူးကုဌာနမှူး Dr.Hasri က ဆိုသည်။

ထိုမလေးရှားနိုင်ငံမှ Dr.Hasri နှင့် Dr.Sivakumar Sivalingam တို့ ဦးဆောင်သော နှလုံးအထောက်အကူပြုစက်ကိရိယာ ကျွမ်းကျင်ပညာရှင်နှင့် သူနာပြုနှစ်ဦးတို့ ပါဝင်သောအဖွဲ့သည် မေ ၁၄ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကာ အတွေ့အကြုံဖလှယ်ရင်း ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးကြသလို မွေးရာပါနှလုံး သွေးကြောကျဉ်းရောဂါနှင့် ဆိုင်သော ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုကိုလည်း မေ ၁၇ ရက် မွန်းတည့်ချိန်တွင် ရန်ကင်းကလေးဆေးရုံ၌ ဆက်လက်ပြုလုပ်ခဲ့ပြန်သေးသည်။

မွေးရာပါနှလုံးရောဂါမှာ ကာကွယ်၍ ရနိုင်သော အခြေနေမျိုး မဟုတ်သော်လည်း ခွဲစိတ်ကုသမှုများ လုပ်ဆောင်ခြင်းဖြင့် လူသက်တမ်းစေ့ နေထိုင်သွားနိုင်ကြောင်း ရန်ကင်းကလေးဆေးရုံကြီးမှ နှလုံးအထူးခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာအောင်သူက ဆိုသည်။ ပတ်ဝန်းကျင်တွင် မွေးရာပါနှလုံး ရောဂါဖြစ်နေသော ကလေးများ တွေ့ပါက သက်ဆိုင်ရာနှလုံး အထူးကုဆရာဝန်ကြီးများနှင့် ညှိနှိုင်းတိုင်ပင်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထိုမွေးရာပါ နှလုံးရောဂါမှာ မည်သို့သော သူများတွင် အဖြစ်များကြောင်း ပြောနိုင်ခြင်းမရှိသလို ပတ်ဝန်းကျင်အကြောင်းအရာများ၊ ပိုင်းရပ်စ်များ၊ သန္ဓေတည်ချိန်ဖြစ်တတ်သော ရောဂါများ၊ မိဘမျိုးရိုးဗီဇများ စသည်တို့နှင့် ဆက်နွယ်ပတ်သက်နိုင်သော်လည်း မည်သူမျှ အသေအချာဖော်ထုတ်ထားနိုင်ခြင်းမရှိသေးဟု သိရသည်။ ထိုသို့သော ကလေးများသည် ကလေး ၁၀၀ မွေးပါက ခြောက်ဦးမှ ရှစ်ဦးအထိ မွေးရာပါနှလုံးရောဂါဝေဒနာ ပါလာတတ်ကြခြင်းဖြစ်သည်။

"အခု ကျွန်မတို့နိုင်ငံမှာ ၉၀ ရာခိုင်နှုန်းက နိုင်ငံခြားသွားမကုနိုင်တဲ့ အခြေအနေရှိပါတယ်။ ဆင်းရဲနွမ်းပါးပြီး ခွဲစိတ်မကုနိုင်လို့ မသေသင့်ဘဲ သေဆုံးသွားတဲ့ ကလေးတွေဟာ နောင်တစ်ချိန်မှာ တိုင်းပြည်အားကိုးရတဲ့ လူသားအရင်းအမြစ်တွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်လည်း မွေးရာပါနှလုံးရောဂါရှိတဲ့ ကလေးတွေကို ကုသနိုင်ဖို့အတွက် IJN က အကူအညီပေးတာလည်းဖြစ်ပါတယ်"ဟု ရန်ကင်းကလေးဆေးရုံကြီးမှ ကလေးနှလုံးရောဂါခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာဝင်းဝင်းကျော်က ပြောကြားသည်။

ထိုသို့ မွေးရာပါ နှလုံးရောဂါတွင် နှလုံး၏ ပြင်ပအစိတ်အပိုင်းတွင် ခွဲစိတ်မှုရှိသလို နှလုံး၏အတွင်းပိုင်းကို ခွဲစိတ်ခြင်း စသည်ဖြင့် ဖြစ်ပေါ်သော မွေးရာပါ နှလုံးရောဂါအမျိုးအစားပေါ်မူတည်၍ ခွဲစိတ်ခြင်းများရှိပြီး ခွဲစိတ်မှုပေါ်မူတည်ကာ ကုန်ကျစရိတ်များရှိသော်လည်း ယခု အစီအစဉ်မှာ အခမဲ့ လုပ်ဆောင်ပေးခြင်းဖြစ်သည်ဟု သိရသည်။

ရန်ကင်းကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၏ တာဝန်ခံဖြစ်သူ ပါမောက္ခဒေါက်တာကျော်ဇင်ဝေက "အခုဆိုရင် ခရိုင်ဆေးရုံအဆင့်မှာပဲ ကလေးဆရာဝန်တွေ ရှိနေပြီလေ၊ သူတို့ကို သွားပြတဲ့ အချိန်မှာ မွေးရာပါနှလုံးရောဂါရှိတယ်၊ နှလုံးအားနည်းနေတယ်၊ နှလုံးအပေါက်က ကျယ်နေတယ်၊ ပြောနေတယ်။ အဲဒါတွေက ရန်ကင်းကလေးဆေးရုံကြီးမှာ ကုသနိုင်တဲ့ ရောဂါမျိုးတွေဆိုလို့ရှိရင် ကျွန်တော်က သူတို့ကို အကြောင်းကြားမယ်၊ အဲဒါမျိုးတွေကို စိစစ်ပြီးတော့ ကျွန်တော်တို့ဆီကို လွှဲပေး၊ ဒါပေမယ့် တစ်ခုရှိတာက တစ်နေ့မှာ ဘယ်နှယောက်ခွဲနိုင်မလဲ၊ သူတို့တောင်မှ တစ်နေ့မှာ သုံးယောက်ခွဲနိုင်တယ် ဆိုလို့ရှိရင် တစ်ပတ်မှာ နေ့တိုင်းခွဲဦး ၁၅ ယောက်ပဲဖြစ်မယ်၊ တစ်ခါတည်း လူအယောက် ၁၅၀ လောက်ကို ပို့လိုက်လို့မရဘူး၊ System တစ်ခုကို ချိန်ရမယ်၊ ဘယ်တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဘယ်အချိန်ကျရင် ပို့ပါ ဆိုတာမျိုးပေါ့၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက ဆင်းရဲချမ်းသာ မရွေး နှလုံးရောဂါရှိတဲ့ ကလေးသူငယ်တိုင်းမှာ သူတို့မှာ အခွင့်အရေးရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ကျွန်တော်ပြောချင်တာပါ"ဟု ရှင်းပြသည်။

ထိုမွေးရာပါ နှလုံးရောဂါရှိသော ကလေးများကို ရောဂါအခြေအနေ အသေးစိတ် စစ်ဆေးပြီးနောက် ခွဲလို့ရသော အခြေအနေမျိုးဖြစ်မှသာ ခွဲစိတ်ကုသမှု ပြုလုပ်ပေးခြင်း ဖြစ်သည်။

"တချို့က မွေးကတည်းအချိန်တစ်နှစ်၊ နှစ်နှစ်လောက်မှာ ခွဲရမယ့်ဟာကို လေး၊ ငါး၊ ခြောက်နှစ်လောက်နေတော့ နှလုံးက တော်တော့်ကို ပျက်စီးနေပြီ။ အဲ့ဒါကို သွားပြီးတော့ လုပ်လိုက်မှ ဒုက္ခဖြစ်သွားမယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုသို့သော ဝေဒနာခံစားနေရသည့် ကလေးများကို ရောဂါအခြေအနေပေါ်မူတည်၍ ခွဲစိတ်ကုသပေးခြင်းဖြစ်သည်။ လက်ရှိတွင် စာရင်းသွင်းထားသော ကလေးပေါင်း ၅၀၀၀ ခန့်ရှိနေပြီး ယင်းအနက်မှ ရောဂါအခြေအနေပေါ်မူတည်ကာ စစ်ဆေး၍ အလှည့်ကျ ခွဲစိတ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ထိုကလေးများ ခွဲစိတ်ကုသပေးမှုကို ရန်ကင်းကလေးဆေးရုံကြီးက ဩစတြေးလျ၊ စင်ကာပူ၊ ဆွစ်ဇာလန်နိုင်ငံများမှ ဆရာဝန်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သလို ယခုအခါ မလေးရှားမှ ဆရာဝန်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ရန်ကင်းကလေးဆေးရုံသည် ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် ရှိသော ဆေးရုံတစ်ခုဖြစ်သလို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်ကာ ကလေးနှလုံးရောဂါ အထူးကုဌာနကို တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်အထိ နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာခွဲစိတ်မှုပေါင်း ၄၀၁ ခုကို အောင်မြင်စွာ ခွဲစိတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မွေးရာပါနှလုံးရောဂါ၏ အခြေအနေကို သိရှိကာ စနစ်တကျ ခွဲစိတ်ကုသမှုခံယူရင်းဖြင့် သက်တမ်းစေ့စွာ နေထိုင်နိုင်တော့မည့် တိုးတက်လာသော ဆေးလောကအခြေအနေကို တင်ပြရေးသားလိုက်ရပေသည်။

နှလုံးအထူးခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာအောင်သူ

အထူးကြပ်မတ် ကုသဆောင်တာဝန်ခံ ပါမောက္ခ ဒေါက်တာကျော်ဇင်ဝေ

ကလေးနှလုံးရောဂါခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော်

သက်တမ်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပသည့် သက်တမ်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည်။

ထိုပြိုင်ပွဲတွင် အသက် (၁၈)နှစ်နှင့်အောက် လူငယ်ပြိုင်ပွဲ၊ အသက် (၁၆)နှစ်နှင့်အောက် လူငယ်ပြိုင်ပွဲ၊ အသက် (၁၄)နှစ်နှင့်အောက် လူငယ်ပြိုင်ပွဲ၊ အသက် (၁၂)နှစ်နှင့်အောက် လူငယ်ပြိုင်ပွဲ၊ အသက်(၁၀)နှစ်နှင့်အောက် လူငယ်ပြိုင်ပွဲများကို မေ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပလျက်ရှိသည်။ ထိုပြိုင်ပွဲတွင် အားကစားသမားပေါင်း ၃၃ ဦး ယှဉ်ပြိုင်ကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

ဖယ်ခုံမြို့နယ်အတွင်း မိုးသည်းထန်ပြီး လေပြင်းတိုက်၍ နေအိမ်အချို့ ပျက်စီး

ဖယ်ခုံ မေ ၁၇

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် နားဟီးကျေးရွာအုပ်စု အရှေ့ကာလကျေးရွာတွင် မေ ၁၆ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် သုံးလုံးနှင့် စာသင်ကျောင်းအမိုးများ လန်၍ ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးမှုများကို မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန်၊ မြို့နယ်အတွင်းရေးမှူး ဦးထွန်းဟန်နှင့် မြို့နယ်ကော်မတီဝင်များ လိုက်ပါပြီး မေ ၁၇ ရက် နံနက် ၈ နာရီခွဲက ကူညီမှုများ သွားရောက်ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး ဆောက်လုပ်ဆဲ လူငယ်ရိပ်သာအား သွားရောက်စစ်ဆေးပြီး စုစုပေါင်း လှူဒါန်းငွေကျပ် ၃၅၀၀၀၀ ဖြင့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုထွေး(ဖယ်ခုံ)

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၁၇

ပညာရေးဝန်ကြီးဌာနနှင့် MDRI-CESD/The Asia Foundation တို့ ပူးပေါင်းကျင်းပသော Piloting Formula-Based Allocations in the Education Budget လုပ်ငန်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပညာရေးညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ MDRI-CESD/The Asia Foundation မှ Executive Director ဦးဇော်ဦး၊ Consultant,Dr.Hamish Nixon နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ယနေ့ကျင်းပသော လုပ်ငန်းဆွေးနွေးပွဲသည် ပညာရေးကဏ္ဍ ဘဏ္ဍာငွေသုံးစွဲမှုကို တိုင်းဒေသကြီး / ပြည်နယ်များတွင် Formula-Based ငွေလွှဲပြောင်းမှု၊ ဘဏ္ဍာခွဲဝေချထားမှုကို စမ်းသပ်အသုံးပြုရန် ကျင်းပခြင်းဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် MDRI-CESD မှ Executive Director ဦးဇော်ဦးနှင့် Consultant, Dr.Hamish Nixon တို့က ဆွေးနွေးပွဲဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြကြသည်။

MDRI-CESD Consultant, Dr.Hamish Nixon က ဦးဆောင်၍ ဆွေးနွေးပွဲ တက်ရောက်လာကြသူများက Basic Education Funtional Assignments ကို အဖွဲ့နှစ်ဖွဲ့ဖြင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ MDRI-CESD မှ Executive Director ဦးဇော်ဦးတို့က ဆွေးနွေးပွဲအနှစ်ချုပ်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၅-၂၀၁၄ (တနင်္ဂနွေနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၅	ဓမ္မပူဇာတေး
၆း၃၀	မျိုးချစ်တပ်မတော်
၆း၃၅	မှတ်တမ်း
၆း၄၅	မြန်မာသံစဉ်ချိုနားဝင်
၇း၂၀	သင့်အတွက်တစ်နေ့တာ
၈း၁၅	စိုက်ပျိုးသုတ
၈း၂၅	DVD Hits
၈း၃၅	အင်္ဂလိပ်စာသုတ
၁၁း၀၀	English For Myanmar
၁၁း၁၅	တစ်ပတ်အတွင်းပြည်တွင်းသတင်း
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -နေရောင်အောက်က လရိပ်ပြာ
၁း၁၉	မြန်မာသံစဉ်ချိုနားဝင်
၄း၂၅	လျှပ်တစ်ပြက်
၄း၃၅	သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄း၅၅	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၁၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂုဏ်ရည်မတူ (တတိယတွဲ) (အပိုင်း-၄)
၅း၂၀	ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	ဘဝကြေးမုံ
၆း၃၅	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးကောင်းကင်သမားတော် (အပိုင်း-၁၈) -အမျိုးသားရေးတေးကဗျာ -ပဟေဠိနန်းတော် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေအောက်မြို့တော်" (အပိုင်း-၄)

ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်း

ရန်ကုန် မေ ၁၇

ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက Moderator အဖြစ်ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအစိုးရအဖွဲ့ကသာ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရသည့် ဥပဒေသုံးရပ်ရှိပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ စီမံကိန်းဥပဒေနှင့် အခွန်အကောက်ဥပဒေတို့ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနမှ အရနှင့်အသုံးစာရင်းများကိုပြုစုလျက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးသည့် ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ရငွေများအတွက် အခွန်ကောက်ခံပေးရသလို သုံးစွဲငွေများကိုလည်း ဥပဒေပါခွင့်ပြုချက်အတိုင်း ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျ သုံးစွဲရပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးစာရင်းနှင့် ပတ်သက်၍ နိုင်ငံတကာစံများနှင့် ကိုက်ညီသည့် ခေတ်မီသော ဘဏ္ဍာငွေ အရအသုံးရေးဆွဲခြင်းစနစ် ဖြစ်ပေါ်လာစေရေးကို နိုင်ငံတကာစနစ်များမှ နိုင်ငံနှင့်ကိုက်ညီသည့် အချက်များကို မှတ်သားပြီး ပြည်ပအဖွဲ့အစည်းများ၏ အထောက်အပံ့များ၊ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ကူညီပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရသည့် အခွန်အကောက် ၁၄ မျိုးတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှကောက်ခံသော အခွန်လေးမျိုးပါဝင်ပါကြောင်း၊ အဆိုပါ အခွန်လေးမျိုးနှင့်ပတ်သက်၍ ဥပဒေလေးရပ်ကိုပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထို့အပြင် အစိုးရသစ်တာဝန်ယူပြီးနောက် တတိယနှစ်ဖြစ်သည့် ယခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ အဆိုပါပြည်ထောင်စု၏ အခွန်အကောက်ဥပဒေသည် ၂၀၁၄ ခုနှစ်အတွက်သာ ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဖြင့် နိုင်ငံတော်၏ ရငွေသုံးငွေများအတွက် ထုတ်ပြန်ပြဋ္ဌာန်းရမည်ဖြစ်သလို ရငွေအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုလည်း ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တည့်မတ်ထိန်းကျောင်းပေးနိုင်ရေးအတွက် အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊

ပြုပြင်ပြောင်းလဲလာသည့် အခွန်စနစ်တွင် ပြည်သူများလိုလားစွာ အခွန်ပေးဆောင်လာစေရေးအတွက် အခွန်အသိပညာပေးမှုကို ယခင်ထက် ပိုမိုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်ရသည့်စနစ်ကို ရှင်းလင်းလွယ်ကူစွာလိုက်နာဆောင်ရွက်နိုင်ရေးအတွက်နှင့် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို အခွန်ထမ်းပြည်သူများ သိရှိနားလည်လာစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အခွန်အကောက်နှင့် ပတ်သက်၍ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရန်ကောက်ခံရသည့် အခွန်အကောက်များရှိသကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရသည့် အခွန်အခများ ကောက်ခံမှုများလည်းရှိပါကြောင်း၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရသည့် အခွန်အခရငွေများဖြင့် စီမံကိန်းဥပဒေပါ လုပ်ငန်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းဌာနများအတွက် သာမန်အသုံးစရိတ်များအတွက် ကျခံသုံးစွဲရပါကြောင်း၊ နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် အခွန်အမျိုးအစားအလိုက် ကောက်ခံမည့်လျာထားချက်ကို ဖော်ပြထားသကဲ့သို့ သုံးငွေအတွက် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ကဏ္ဍအလိုက် သုံးစွဲမည့်သုံးငွေပမာဏများကို ဖော်ပြထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ သူရဦးသောင်းလွင်က ရသင့်ရထိုက်သည့် အခွန်အခများအပြည့်အဝရရှိရေးအတွက် စိစစ်ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွန်းက ပြည်တွင်းအခွန်များဦးစီးဌာန၏ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် အခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များတွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းက ဌာန၏ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲမှုနှင့် ပတ်သက်သည့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများနှင့် သတင်းမီဒီယာများမှ ဆွေးနွေးမေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ

- ❆ ၂၀၁၅ ခုနှစ်၊ အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ရေးအတွက် ကျန်ရှိနေသည့် လုပ်ငန်းစဉ်များ ပြည့်ဝစွာအကောင်အထည်ဖော်ရေး၊
- ❆ အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးအတွက် ဦးစားပေးနယ်ပယ်များသတ်မှတ်ရန်၊ မပြီးပြတ်သေးသော လုပ်ငန်းစဉ်များ၏ အခြေအနေကို ပြန်လည်သုံးသပ်ရန် တောင့်တင်းခိုင်မာသော အာဆီယံအဖွဲ့ကြီး ဖြစ်ပေါ်လာရေးအတွက် အနာဂတ်ဦးဆောင်ဦးရွက်ပြုမှုလုပ်ငန်းများ သတ်မှတ်ရန်၊ အာဆီယံအဖွဲ့ကြီး၏ ပြင်ပဆက်ဆံရေး မြှင့်တင်နိုင်မည့်အစီအစဉ်များ ချမှတ်ဖော်ဆောင်ရန်၊
- ❆ အာဆီယံအသိုက်အဝန်းအတွင်း ပြောင်းလဲခြင်းဖြင့် အာဆီယံ၏ဆက်စပ်တည်ရှိနေမှုကို ထိန်းသိမ်းခြင်းအလို့ငှာ အာဆီယံပဋိညာဉ်စာတမ်း ပြန်လည်သုံးသပ်ရေးကို ဆက်လက်ဆောင်ရွက်သွားရန်၊
- ❆ အေအာရ်အက်ဖ် အာဆီယံဒေသဆိုင်ရာဖိုရမ် မျှော်မှန်းချက်ဆိုင်ရာ ကြေညာချက်အကောင်အထည်ဖော်ရေးအတွက် နှစ်လယ်သုံးသပ်ချက်ကို ဆောင်ရွက်ရန်နှင့်အာဆီယံဒေသဆိုင်ရာဖိုရမ်ဆိုင်ရာ မျှော်မှန်းချက်သစ်တစ်ရပ်ဖော်ဆောင်ရန်၊
- ❆ အာဆီယံကို ပြည်သူ့ဗဟိုပြု အဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲရန်၊ လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများ ခိုင်မာစေရန်၊ အာဆီယံလှုပ်ရှားဆောင်ရွက်မှုများတွင် အမျိုးသမီးများ၊ လူငယ်လူရွယ်များ၊ ပါလီမန်အမတ်များနှင့် သတင်းလောကများ ပါဝင်ဆောင်ရွက်လာရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊
- ❆ ၂၀၁၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်ကို ချမှတ်ရန်၊

နေပြည်တော် – ရန်ကုန်၊ နေပြည်တော် – မန္တလေးနှင့် အမြန်လမ်းခရီးသည်တင်ယာဉ်လိုင်းများအား ရှောင်တခင် စစ်ဆေး

နေပြည်တော် မေ ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ (နေပြည်တော်)တို့ ပူးပေါင်း၍ နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာမည့် အမြန်ယာဉ်များအား ရှောင်တခင်စစ်ဆေးမှုကို ယနေ့ညနေပိုင်းမှ စတင်ကာ နေပြည်တော် စီလမ်းဆုံအနီးတွင် ပြုလုပ်ခဲ့သည်။

နေပြည်တော်မှ အနယ်နယ်အရပ်ရပ်သို့ ထွက်ခွာမည့် မော်တော်ယာဉ်များအနေဖြင့် မော်တော်ယာဉ်ကြံ့ခိုင်မှု၊ သက်တမ်းရှိမော်တော်ယာဉ် သက်သေခံလက်မှတ် တင်ပြနိုင်မှု၊ ယာဉ်၏ အစိတ်အပိုင်းများ ကောင်းမွန်စွာ အလုပ်လုပ်သုံးစွဲနိုင်မှု၊ ယာဉ်ကိုယ်ထည်နှင့် တာယာများ ကောင်းမွန်ကြံ့ခိုင်မှု၊ သတ်မှတ်လူစီးထိုင်ခုံ အရေအတွက်ထက် ပိုမိုတင်ဆောင်ထားခြင်း ရှိ မရှိ၊ ခရီးသည်အရေအတွက်နှင့် ကုန်ပစ္စည်းတင်ဆောင်မှုသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ၊ သတ်မှတ်ထားသည့်အတိုင်း မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်း ရှိ မရှိ၊ အရေးပေါ်ထွက်ပေါက်များပါရှိပြီး အသုံးပြုနိုင်မှု ရှိ မရှိ၊ မိုးရွာသည့်အခါ ရေသုတ်တံများ ကောင်းမွန်စွာ အသုံးပြုနိုင်မှု ရှိ မရှိ၊ သတ်မှတ်ရောင်ပြန်ပြားများ တပ်ဆင်ထားခြင်း ရှိ မရှိ၊ ယာဉ်ရပ်နားစဉ်တွင် အသုံးပြုသည့် တြိဂံရောင်ပြန် ရှိ မရှိ၊ အရေးပေါ်အချိန်တွင် အသုံးပြုနိုင်သည့် မှန်ခွဲရန်တူ၊ ပုဆိန်များပါ ရှိ မရှိ စသည့် မော်တော်ယာဉ်ကြံ့ခိုင်မှုပိုင်းဆိုင်ရာများကို ဦးစားပေးစစ်ဆေးကြသည်။

အလားတူ မော်တော်ယာဉ်မောင်းနှင်သူများ၏ ယာဉ်မောင်းလိုင်စင်သက်တမ်းအခြေအနေ၊ အရန်ယာဉ်မောင်း လိုက်ပါမှု ရှိ မရှိ၊ ယာဉ်နောက်လိုက်/အကူများ ပါဝင်မှု ရှိ မရှိ၊ ယာဉ်နောက်လိုက်/ယာဉ်အကူတွင် သက်တမ်းရှိ ယာဉ်နောက်လိုက် လက်မှတ်ပါရှိမှု ရှိ မရှိ၊ သတ်မှတ်ထားသည့် သက်တမ်းရှိစသည့်အချက်အလက်များကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ရှိ မရှိ၊ ယာဉ်မောင်းများ အရက်သေစာသောက်စားထားမှု၊ မူးယစ်ဆေးဝါးသုံးစွဲထားမှု ရှိ မရှိ၊ အသက်ကယ်ထိုင်ခုံခါးပတ်များ တပ်ဆင်ထားရှိရန်နှင့် ခရီးမထွက်ခွာမီ ခါးပတ်ပတ်ပြီး ဖြစ်စေရန် ယာဉ်အတွက်တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးကြခြင်းဖြစ်သည်။**(အောက်ပုံ)**

အဆိုပါ ရှောင်တခင်စစ်ဆေးမှုများကို ယနေ့မှစတင်ကာ စဉ်ဆက်မပြတ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နေပြည်တော်တွင်သာမက မန္တလေးနှင့် ရန်ကုန်မြို့များတွင်လည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အမြန်လမ်းတွင် မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော် မေ ၁၇

ရန်ကုန်-မန္တလေး အမြန်လမ်းမတစ်လျှောက်တွင် မောင်းနှင်သွားလာနေကြသည့် အမြန်လမ်း ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားတစ်ရပ်ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး(ရွာတော်)၌ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလျန်ကျင့်မန်၊ ညွှန်ကြားရေးမှူး ဦးသောင်းလွင်နှင့် တာဝန်ရှိသူများက အမြန်လမ်းယာဉ်မောင်းသူများ၊ ယာဉ်နောက်လိုက်များအနေဖြင့် အမြန်လမ်းမကြီးပေါ်တွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရေးဆိုင်ရာများ၊ အထူးသဖြင့် အမြန်လမ်းတွင် မောင်းနှင်နေကြသည့် ယာဉ်မောင်းများအနေဖြင့် မိမိတို့ ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည်များကို လိုရာခရီးသို့ အန္တရာယ်ကင်း ဘေးရှင်းစွာဖြင့် ရောက်ရှိအောင် သတိတရားဖြင့် ထိန်းသိမ်းမောင်းနှင်ပို့ဆောင်ပေးနိုင်ရေးဆိုင်ရာများကို ရှင်းလင်းဟောပြော ပို့ချကြသည်။

အလားတူ အမြန်လမ်းတွင် လတ်တလော ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများနှင့်စပ်လျဉ်း၍ မှတ်တမ်းဓာတ်ပုံများပြသကာ အသိပညာပေးဟောပြောခဲ့ကြပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်၊ စည်းကမ်းများ၊ တစ်ဦးတစ်ယောက်ချင်းကိုယ်စီ အသိတရားဖြင့် လိုက်နာဆောင်ရွက်မောင်းနှင်သွားရေးဆိုင်ရာများကို ပရိုဂျက်တာများဖြင့် အသေးစိတ်ရှင်းလင်း ဆွေးနွေးဟောပြောကြပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား လမ်းစည်းကမ်းဆိုင်ရာ ဗဟုသုတများကို မေးမြန်းဆွေးနွေးခြင်းများ၊ ပြန်လည်ဖြေကြားခြင်းများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဟောပြောပွဲသို့ ရန်ကုန်-မန္တလေး အမြန်လမ်း ယာဉ်မောင်း၊ ယာဉ်နောက်လိုက် စုစုပေါင်း အင်အား ၇၂ ဦး တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သည့် လူထုဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁၇

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် (၈၈)မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းတို့ ပူးပေါင်း၍ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၄၃၆) နှင့်ပတ်သက်သည့် လူထုဟောပြောပွဲကို ယနေ့ နံနက် ၈ နာရီခွဲ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန် အားကစားကွင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းမြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၃၆) ပြင်ဆင်ရေးအတွက် ဥပဒေဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် (၈၈)မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ခေါင်းဆောင် ဦးမင်းကိုနိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ဟောပြောကြသည်။

ယင်းနောက် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးအောင်က လက်မှတ်ရေးထိုး ဆန္ဒဖော်ထုတ်ခြင်း ပုံစံ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်း ပြောကြားသည်။

အဆိုပါဟောပြောပွဲကျင်းပမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းရာ-

ဦးသိန်းညွန့်
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

အခြေခံဥပဒေပြင်ဆင်ဖို့ဆိုတာက ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ပါဝင်တဲ့ပြည်ထောင်စုလွှတ်တော်မှာ ဆုံးဖြတ်ထားပြီးပြီ။ ဆုံးဖြတ်တဲ့အခါမှာ အရင်ဆုံး ၁၀၉ ဦးကော်မတီ ဖွဲ့တယ်။ အခုတစ်ခါ ဒီဟာကို ဆက်လက်သယ်ဆောင်ဖို့ ၃၉ ဦး ကော်မတီဖွဲ့တယ်။ လွှတ်တော်က အခြေခံဥပဒေပြင်ဆင်ဖို့ကို လုပ်နေပြီပဲလေ။ လုပ်တဲ့အခါမှာ ပါတီအသီးသီးက မိမိတို့ပါတီက ပြင်ဆင်ချင်တဲ့အချက်ကို ၁၀၉ ဦးကော်မတီကို တင်ပြခဲ့ပြီးပြီလေ။ အဲဒါကို လွှတ်တော်က ဆက်လက်ပြီး အကောင်အထည်ဖော်ပေးနေတာပဲ။

တစ်ခုတော့ရှိမှာပေါ့။ အခြေခံဥပဒေကတော့ပြင်မှာပေါ့။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက် အခန်း(၁၂)အရ ပြည်ထောင်စုလွှတ်တော်ကပဲ ဒါကိုဆောင်ရွက်မှာကိုး။ အဲဒီတော့ ပြည်ထောင်စုလွှတ်တော်က ပြင်တဲ့ဟာကို ဒီမိုကရေစီမှာ အများဆန္ဒအရဆုံးဖြတ်တာကို အနည်းစုက လက်ခံရမှာဖြစ်သလို အနည်းစုရဲ့ဆန္ဒကိုလည်း အများစုက ထည့်သွင်းစဉ်းစားပေးရမှာပေါ့။ ဒီလိုသဘောတွေနဲ့ပဲ ရှေ့ဆက်ပြီးလုပ်ရမှာပေါ့။

ပြင်ဖို့ဆိုတာက အရင်တုန်းက အများကြီးပြောပြီးတော့ အခု(၄၃၆) တစ်ခုတည်း ပြောလာတာကတော့ စိတ်ဝင်စားစရာ ကောင်းလာတာပေါ့။ တိုင်းပြည်ရဲ့အခြေခံဥပဒေဆိုတာ လိုအပ်ရင် ပြင်ရမှာပဲပေါ့။ တိုင်းပြည်ရဲ့ ပြောင်းလဲလာတဲ့ အခြေအနေတွေမူတည်ပြီး ပြင်ဆင်သင့်

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၃၆) နှင့် ပတ်သက်သည့် လူထုဟောပြောပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဟောပြောစဉ်။ (သတင်းစဉ်)

တာပေါ်လာရင် ပြင်ဆင်ရမှာပေါ့။ ကျွန်တော်ကိုယ်တိုင် လွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ် အဖွဲ့အစည်းတွေ ပြည်ထောင်စုအဆင့် ဟုတ်မဟုတ်ဆိုတဲ့ ကိစ္စပေါ်တုန်းကလည်း အခြေခံဥပဒေကို ပြင်သင့်ကြောင်း လွှတ်တော်ထဲမှာ ကျွန်တော်စပြောခဲ့တာပဲ။ အဲဒီလိုပဲ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ ခရိုင်အုပ်ချုပ်ရေးမှူးတွေကို လူထုမဲနဲ့ရွေးနိုင်ဖို့ ကိစ္စလည်း ကျွန်တော်လွှတ်တော်ထဲမှာ အခြေခံဥပဒေပြင်ဖို့အတွက် မီးမောင်းထိုးပြတာပဲ။

တစ်ခုပဲရှိတာပေါ့။ အခြေခံဥပဒေပြင်တယ်ဆိုတာက တိုင်းပြည်တစ်ခုလုံးရဲ့လိုအပ်ချက်၊ ကျွန်တော်တို့ရဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေး မူဘောင်အတွင်းက ဒါကိုအလေးအနက်စဉ်းစားရမှာပေါ့။

(၅၉)(ဃ)နဲ့ (စ)က ပြောစရာမလိုပါဘူး။ အားလုံးသိတဲ့အတိုင်း ဒီနေ့ အမျိုး ဘာသာ သာသနာ တည်တံ့ဖို့အတွက် ရဟန်းသံဃာတော်များ အပါအဝင် ပြည်သူလူထုလေးသန်းကျော်က လက်မှတ်ထိုးပြီးတော့ ဆန္ဒဖော်ထုတ်နေတဲ့အချိန်မှာ ကျွန်တော်တို့တိုင်းပြည်ကို အမျိုးပျောက်မယ့် အရာမှန်သမျှ အနာဂတ်မှာ ကျွန်တော်တို့လူမျိုးတည်တံ့ဖို့၊ နိုင်ငံတည်တံ့ဖို့ အန္တရာယ်ရှိတဲ့အချက်တွေကိုတော့ ကျွန်တော်တို့အလေးအနက်ထား စဉ်းစားရမှာပေါ့။ ဒီပြဿနာတွေကို လွှတ်တော်မှာ တင်လာရင်လည်း အဲဒီအခါကျလို့ရှိရင် ကျွန်တော့်သဘောထားကို တိုင်းပြည်က မြင်တွေ့ရမှာပါ။ အခုအချိန်မှာတော့ ကျွန်တော်ကြိုမပြောချင်ဘူး။

ဦးကြီးမြင့်
(တရားလွှတ်တော်ရှေ့နေ)

ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပတ်သက်လို့ရှိရင် အခန်း(၁၂)ရဲ့ (၄၃၆)ဟာ ဒီမိုကရေစီစနစ်ကို သွားမယ်ဆို လို့ရှိရင် ဒါကနည်းနည်းတော့ ပြင်းနေတယ်ပေါ့။ ဘယ်လိုပြင်းတာလဲဆိုတော့ ပြည်သူရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေ သဘောထားနဲ့မရဘူး။ မရဘဲနဲ့နိုင်ငံ့ဝန်ထမ်းတွေဖြစ်တဲ့ တပ်မတော်ပေါ့။ သူတို့ သဘောထားပေးမှပဲ ရမယ့်သဘောမျိုး အဲဒီမှာဖြစ်နေတယ်။ ဒီတော့ ကျွန်တော်တို့က ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ သဘောထားနဲ့ပြင်ဆင်လို့ရအောင်(၄၃၆)ကိုပြင်သင့်တယ်ဆိုတဲ့ သဘောထားရှိပါတယ်။ ကျွန်တော်က ဘယ်ပါတီကမှ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်တို့ တိုင်းပြည်အတွက်ကို ကောင်းတာတွေပဲ ရှေ့လျှောက်မြင်ချင်တယ်။ ကောင်းတာတွေပဲဖြစ်စေချင်တော့ ဒီပုဒ်မက ပြည်သူတွေရဲ့သဘောထားနဲ့ပြင်လို့မရဘူး ဖြစ်နေတဲ့အချက်ကို ပြင်စေချင်တာပါပဲ။ ဖြေလျှော့ပေးစေချင်တာပါပဲ။

(၅၉)(ဃ) နဲ့(စ)က နည်းနည်းလေးရှုပ်ထွေးမှု ရှိတယ်ခင်ဗျ။ NLD ပါတီဘက်က ကြည့်ရင်တော့ သူတို့ခေါင်းဆောင်ကို ကန့်သတ်ထားတယ်လို့ မြင်တယ်ဗျာ။ လုံခြုံရေးဘက်ကကြည့်တဲ့ သူတွေကလည်း ဒီပုဒ်မဟာ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော် ရေရှည်တည်တံ့ရေးအတွက်ကို လိုအပ်တယ်လို့ မြင်တယ်။ အဲဒီအမြင်နှစ်ခုရှိနေတော့ ကျွန်တော်တို့က ၁၉၄၇ အခြေခံဥပဒေမှာ ပြန်ကြည့်လိုက်တော့ (၅၉)(စ)လိုဟာမျိုးတွေ အတိအကျတော့ မဟုတ်ဘူးဗျ။ ၁၉၄၇ အခြေခံဥပဒေမှာ အဲဒီလို အတိအကျမပါဘူးဗျ။ ဒီတော့ကျွန်တော့်ရဲ့ သဘောထား အတိအကျကို ပြန်ပြောရမယ်ဆိုရင်တော့ (၄၃၆) အခန်း(၁၂)ကိုပဲ ပြန်လည်စဉ်းစားပြီးတော့ ဒါကိုတော့ ပြင်စေချင်တယ်လို့ပဲ ပြောချင်ပါတယ်ခင်ဗျာ။ ပြည်သူတွေရဲ့ သဘောထားမှတ်ချက်ကိုယူပြီး ပြင်ဆင်သင့်တယ်လို့ပဲ ကျွန်တော်သဘောရိုးနဲ့ ယူဆပါတယ်။

ဦးမြအေး
[(၈၈) မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း]

ဒီနေ့ ကျွန်တော်တို့ပွဲလုပ်တဲ့ ရည်ရွယ်ချက်ကိုက ပုဒ်မ (၄၃၆)ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခရာကျတဲ့ ပုဒ်မဖြစ်လို့ပါပဲ။ ဒီပုဒ်မကို ပြင်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဖို့အတွက် တော်တော်လေး လွယ်လွယ်ကူကူ ဖြစ်သွားနိုင်စရာတွေ ရှိတယ်။ ဒါကိုပြင်လိုက်ရင် အလွန်ကို အကျိုးရှိသွားပါလိမ့်မယ်။ မပြင်ဘဲ ထားမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ အသွင်ကူးပြောင်းရေးကာလထဲကို ရောက်ပြီဆိုတာကို ဘယ်လိုမှ ပြောလို့မရပါဘူး။

(သတင်းစဉ်)

နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၄ ခုနှစ် နွေရာသီဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကျိုက္ကဆံဘတ်စကက်ဘောအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် နာယက ဒေါ်နီ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ တာဝန်ရှိသူများ၊ အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြား၍ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် နာယက ဒေါ်နီ၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အတွင်းရေးမှူးတို့က ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပရာ အသက် (၁၈)နှစ်အောက် အမျိုးသား ၂၂ သင်း၊ အမျိုးသမီး ငါးသင်း၊ အလွတ်တန်းအမျိုးသား ၁၂ သင်း၊ အလွတ်တန်းအမျိုးသမီး သုံးသင်း စုစုပေါင်း ၄၄ သင်းတို့သည် မေ ၁၇ ရက်မှ ၂၇ ရက်ထိ နံနက် ၇ နာရီမှ ည ၁၁ နာရီထိ အုပ်စုပတ်လည်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်လုံးချမ်းသာအောင်မင်္ဂလာဆုတောင်းပြည့် စေတီတော်ဌာပနာများသွင်းလှူပူဇော်

နေပြည်တော် မေ ၁၇

နေပြည်တော် ဇေယျာသီရိမြို့နယ် ချောင်းဖျားကျေးရွာ တပ်ဦးဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်း တည်ထားကိုးကွယ်မည့် ပြည်လုံးချမ်းသာအောင်မင်္ဂလာဆုတောင်းပြည့်စေတီတော် ဌာပနာများသွင်းလှူပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် အဆိုပါ စေတီတော်၌ကျင်းပရာ ဆရာတော် သံဃာတော်များဦးဆောင်၍ အလှူရှင်များက ဌာပနာများအား ဌာပနာတိုက်အတွင်း သွင်းလှူပူဇော်ကြသည်။

ပြည်လုံးချမ်းသာ အောင်မင်္ဂလာဆုတောင်းပြည့် စေတီတော်အား မန္တလေးမြို့ မျက်ပါးရပ်နေ ဦးဘကြွယ်-ဒေါ်အမာမိသားစုတို့က တည်ထားလှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်း-အေးသန်း
ဓာတ်ပုံ-မောင်မောင်ဇော်

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းကြည့်ရှု

မိုးညှင်း မေ ၁၇

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့သည် ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်နှင့် ဦးဖေသောင်းတို့လိုက်ပါလျက် မေ ၁၆ ရက်တွင် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ (အရှေ့ဘက်ခြမ်း)အင်းပတ်လမ်းနှင့်တံတားများတည်ဆောက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ဓာတ်အားလိုင်းများ တည်ဆောက်ထားရှိမှု အခြေအနေကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အင်းတော်ကြီးဒေသ ဟဲပုကျေးရွာဆိပ်ကမ်း၌ ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်ပြီး စက်လှေများဖြင့် ရွှေမဉ္ဇူရေလယ်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အင်းတော်ကြီးဒေသ သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီး ၁၀ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် လုံးတုံကျေးရွာမှတစ်ဆင့် အင်းတော်ကြီးဒေသ (အနောက်ဘက်ခြမ်း)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ထားသောလမ်း၊ တံတားလုပ်ငန်းများအား လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဓာတ်အားလိုင်းတည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသသည် ခေတ်အဆက်ဆက်က ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့ပြီး ယခုနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးနှင့် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သဖြင့် အင်းတော်ကြီးဒေသခံပြည်သူများကကျေးဇူးတင်ဝမ်းမြောက်လျက် ရှိကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

ပဲခူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တွေ့ဆုံ

ရန်ကုန် မေ ၁၇

ပဲခူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များအနေဖြင့် ပဲခူးမြို့ကို မြို့အင်္ဂါရပ်နှင့်ညီညွတ်ရန် ပြည်သူများနှင့်အတူ ဝိုင်းဝန်းလုပ်ဆောင်သွားကြရန်လိုကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိကျေးရွာ၊ ရပ်ကွက်များ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ငန်းလျာထားချက်များ ရွေးချယ်ရာတွင် ဦးစားပေးရွေးချယ်သင့်သည်များကို မှန်မှန်ကန်ကန် ရွေးချယ်သွားရန်လိုကြောင်း၊ ထို့ပြင် တရားဥပဒေစိုးမိုးရေးကို အထူးအလေးပြုဆောင်ရွက်ပြီး ပညာပေးဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မေ ၁၆ ရက် နံနက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ပဲခူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပြောကြားသည်။

ထို့နောက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူး၊ မြို့နယ် စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူးတို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပဲခူးမြို့ပေါ် ရပ်ကွက် ၃၁ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများကလည်း လိုအပ်သည်များ တင်ပြခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးတို့က တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကသာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၁၇

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နေရာဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်၊ လိုအပ်သည့်နေရာ၊ ပြည်သူဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လွန်စွာအရေးကြီးကြောင်း မေ ၁၅ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဒေသခံမြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မေ ၁၄ ရက် နံနက်ပိုင်းတွင် ပင်လည်ဘူးမြို့နယ် မံစီလေး ဘုန်းတော်ကြီးကျောင်း၌ ဒေသခံရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသမှတင်ပြချက်များ အားဆောင်ရွက်ပေးကာ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများ၊ စာသင်ကျောင်းများအတွက် ဘိလပ်မြေနှင့် သွပ်များပေးအပ်ထောက်ပံ့သည်။

ဒုတိယဝန်ကြီးသည် မေ ၁၅ ရက်တွင် ကသာမြို့နယ် အထက်ဝဲကြီးကျေးရွာရှိ ပညာဓူဝံစာကြည့်တိုက်နှင့် မြေနုကျေးရွာရှိ သူရိယအားမာန် စာကြည့်တိုက် ဖွင့်ပွဲသို့တက်ရောက်အားပေးကာ စာကြည့်စားပွဲ၊ ထိုင်ခုံများအတွက် အလှူငွေများပေးအပ်ပြီး ထီးချိုင့်မြို့နယ် ဒိုးပင်-မယ်ဇလီ-ညောင်ပင်သာကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုခဲ့သည်။

ဒုတိယဝန်ကြီးသည် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဗန်းမောက်၊ အင်းတော်၊ ကသာနှင့် ထီးချိုင့်မြို့နယ်များအတွင်း သဘာဝဘေးအန္တရာယ် လေဘေးဒဏ်ခံရသော အိမ်များ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဆေးပေးခန်းများနှင့် သာသနိကအဆောက်အအုံများအတွက် သွပ် ၂၆၈၃ ချပ်၊ ဘိလပ်မြေ ၂၀၁၁ အိတ်၊ စာသင်ခုံ/စားပွဲ ၆၂၉ စုံနှင့် ရေရရှိရေး Compressor တစ်စုံပေးအပ်ထောက်ပံ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❊ **မန္တလေးမှ**

ဆိုင်းဝိုင်းနှင့်မြိုင်မြိုင်ဆိုင်ဆိုင် ခတ်ကစားကြရသည့် ကစားနည်းဖြစ်ကာ သရုပ်ဖော်ပြောပေးခြင်းဖြင့် ပညာလည်းရသည့်ပွဲဖြစ်သည်ဟုဆိုသည်။

ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကနေဒါနိုင်ငံတို့မှ ခြင်းဝါသနာရှင်များကလည်း ယခင်နှစ်များကဲ့သို့ ယခုနှစ်တွင်လည်း လာရောက် ခတ်ကစားရန် စာရင်းပေးသွင်းထားကြသည်။ တစ်နေ့လျှင် ခြင်းအသင်း ၃၀ မှ နာရီဝက်စီဖြင့် နံနက် ၉ နာရီမှ ည ၁၂ နာရီထိ ညှော်ခံခတ်ကစားကြမည်ဖြစ်သည်။ “မနှစ်က ခြင်းအသင်းပေါင်း ၁၆၀၀ ကျော်က ၅၂ ရက် တိုင်တိုင် ခတ်ကစားခဲ့ရာက ဒီနှစ်မှာ ခြင်းအသင်းပေါင်း ၁၇၁၀ ရှိတော့ ရက်ပေါင်း ၅၇ ရက် ဖြစ်သွားတယ်။ တစ်ရက်မှာ အသင်း ၃၀ ကို နာရီဝက်စီခတ်ကစားနိုင်အောင် စီစဉ်ထားပါတယ်။ နိုင်ငံခြားသား ခြင်းဝါသနာရှင်တွေက လည်း အရင်နှစ်က လာတဲ့သူတွေပါပဲ။ တစ်နှစ်ထက်တစ်နှစ် ခြင်းအသင်းတွေများလာတဲ့အတွက် ရိုးရာအားကစားကိုလည်း တန်ဖိုးထားထိန်းသိမ်းတာဖြစ်တာကြောင့် ဂုဏ်ယူဝမ်းမြောက်မိတယ်” ဟု မန္တလေးမဟာမြတ်မုနိ ဘုရားကြီး (၈၆)ကြိမ်မြောက် ဝါဆိုခြင်းအလှူခတ်ပွဲတော် ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကျော်ညွန့် (ရတနာညွန့်)က ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားသည်။

ခြင်းခတ်ကစားရာတွင် မဟာဒူး၊ တဲ့ဖဝါး၊ စလွယ်ကြီး၊ ဝိုက်ကြီး၊ တဲ့ဖနောင့်၊ မဟာကြီး၊ ညွှန့်ဒူး၊ ရင်လိန်ဖဝါး၊ ရင်လိန်ဖနောင့်၊ မဟာညွှန့်အစရှိသော ခြင်းကြီး ၁၀ မျိုး၊ ပတ်ဒူး၊ ပခုံးထမ်းဖီလာဖဝါး၊ စောင်းစလွယ်၊ ပခုံးထမ်းဖီလာဖနောင့်၊ ဖီလာစလွယ်၊ မဟာနွယ်၊ ပတ်စလွယ်၊ ပတ်ဖဝါး၊ ပတ်ဖနောင့်၊ ပတ်မဟာညွှန့် အစရှိသော ခြင်းလတ် ၁၀ မျိုး၊ မန္တလာ၊ မြင်းစီးဖနောင့်၊ သမင်လည်ပြန်ဖနောင့်၊ ရှပ်ထိပ်တင်ခြေဖျား၊ ဒူးဝိုက်ကြီး၊ ရှပ်ဒူး၊ မန္တလာဖီလာစလွယ်၊ လေဝဲခြေခွင်၊ လေဝဲဖနောင့်၊ မြင်းခင်းဖနောင့်အစရှိသော လက်ရွေးစင်ခေတ်ဆန်း ၁၀ မျိုး စုစုပေါင်း ပြိုင်ပွဲဝင်ခြင်းပေါင်း အမျိုး ၃၀ ရှိပြီး ခြင်းခတ်ကစားရာတွင် အခြေခံအားဖြင့် ခြေဖျား၊ ခြေခွင်၊ ဒူး၊ ဖဝါး၊ ဖနောင့်၊ ဖမျက်အစရှိသည့် အခြေခံအထိ ခြောက်ချက်သည်လည်း အရေးပါလှကြောင်း သိရသည်။ **(ဝဝ၂)**

○ **ကျောဖုံးမှ**

ထွက်နေပြီဖြစ်ရာ ပလိပ်မြို့တွင်နေထိုင်ပြီး ချမ်းသာကုန်းကျေးရွာ၌ သရက်ဥယျာဉ်ခြံစိုက်သူ ဦးဌေးလွင်နှင့် ဦးဘိုဘိုဝင်း ညီအစ်ကိုက “လွန်ခဲ့တဲ့ရက်တွေက တိုက်ခတ်ခဲ့တဲ့ လေပြင်းတွေကြောင့် အသီးတွေတော့သွားပြီထင်တာ၊ တော်သေးတာက အသီးတွေသိပ်မကြွေကျလို့၊ နှစ်စဉ် နှစ်တိုင်း ကျွန်တော်တို့စိန်တလုံးနဲ့ ဟင်္သာသရက်ကို တရုတ်ဈေးကွက်တင်ပို့တယ်၊ ဒီနှစ်လည်း တင်ပို့တယ်၊ စိန်တလုံးနဲ့ ဟင်္သာက ဈေးကွက်သိပ်မကွာလှဘူး၊ စိန်တလုံးတစ်ခြင်း (တစ်ဖာ)ကို အလုံးရေ ၄၃ လုံးကနေ ၄၈ လုံးထိ ဆံ့တယ်၊ ဟင်္သာက ၃၃ လုံးကနေ ၃၅ လုံးဆံ့တယ်၊ ခြင်းတစ်ခြင်း (တစ်ဖာ)ကို ၁၅ ကီလိုခွဲကနေ ၁၆ ကီလိုရှိတယ်၊ စိန်တလုံးတစ်ခြင်း (တစ်ဖာ)ကို တရုတ်ငွေ ယွမ် ၁၀၀ အနည်းဆုံးပေါက်ဈေးရှိတယ်၊ ဟင်္သာက အရည်အသွေးကောင်းရင် ကောင်းသလောက်ဈေးရတယ်၊ စိန်တလုံးရဲ့ဈေးကွက်ကို မမီပါဘူး၊ ပလိပ်မြို့၊ မြစ်ငယ်မြို့တို့ကနေ (၁၀၅ မိုင်) မူဆယ် အထိ သရက်သီးတင်ပို့ခ ကားခက တစ်ခြင်းကို ကျပ် ၁၃၀၀ နှုန်းနဲ့ ကျပ် ၁၄၀၀ နှုန်းဆိုပြီး နှစ်ဈေးရှိတယ်၊ အဲဒါက ကားတစ်စီးအပေါ် သရက်ခြင်း (ဖာ)ခြင်း ၃၀၀ တင်ရင် တစ်ခြင်းကို ကျပ် ၁၃၀၀ နဲ့ရတယ်၊ ခြင်း ၂၅၀ တင်ရင်တော့ တစ်ခြင်းဈေးက ကျပ် ၁၄၀၀ နဲ့ တင်ရတယ်၊ သရက်သီးခြင်း ၃၀၀ တင်ရင်တော့ တစ်ခြင်းကို ကျပ် ၁၀၀ ဈေးသက်သာတာပေါ့”ဟု ပြောသည်။

ဆက်လက်ပြီး ၁၀၅ မိုင်စခန်းမှ ဦးစိုင်းမြင့်ကိုက “စိန်တလုံးသရက်ကို တရုတ်တွေက ကြိုက်နှစ်သက်ကြတယ်၊ အဓိကကတော့ ကူမင်းမြို့အထိ ပို့တယ်”ဟု ပြောကြားသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

ပြင်းပြင်းထန်ထန် တားမြစ်အရေးယူဖို့လိုအပ်

ခင်မောင်ဌေး(ပညာရေး)

ဒီနှစ်ပူတာကတော့ မပြောပါနဲ့။ အတော့်ကိုပူပါတယ်။ ခရမ်းလွန်ရောင်ခြည်ရဲ့အန္တရာယ်ကလည်း မသေးလှဘူး။ ရန်ကုန်နဲ့စာရင် အညာဘက်မှာ မိုးစောရွာတာတွေ့ရတယ်။ ဒီရက်ပိုင်းအတွင်း ရန်ကုန်မှာလည်း မိုးရွာလာတာတွေ့ရတယ်။ မတူတာကတော့ အညာဘက်မှာက မိုးရွာပြီးသွားတာနဲ့ အေးသွားတာပဲ။

မိုးမကျမီ ရက်ပိုင်းအတွင်းထိ ကြားရတဲ့သတင်းတွေထဲမှာ လူကြီး၊ လူငယ်နဲ့ ကလေးအတော်များများ ဗိုက်နာဗိုက်အောင့်တဲ့ရောဂါတွေဖြစ်လာတာတွေ့ရတယ်။ ခုရက်ပိုင်းအတွင်းမှာကိုပဲ ရှစ်နှစ်၊ ကိုးနှစ်အရွယ် ကျောင်းသားလေးတစ်ဦး အူအတက်ဖြတ်လိုက်ရတယ်။ ကျောင်းသားမိဘတစ်ဦးလည်း ဆေးရုံတင်ထားတာတွေ့ရတယ်။ သူလည်း အူအတက်ပဲ။ ဗိုက်နာတာ၊ အစာအိမ်ဖြစ်တာအတော့်ကိုများနေတယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကုနေတဲ့သူတွေလည်း အများကြီးရှိတယ်။ စာရေးသူအိမ်မှာလည်း နှစ်ဦး၊ သုံးဦးမက။

အဓိကကတော့ အပူလွန်ခြင်းကြောင့်ပါ။ ပူတော့ရေများများသောက်ဖို့လိုပါတယ်။ သောက်တဲ့ရေကလည်း ရေကြည်ရေသန့်ဖြစ်ရပါမယ်။ ပူတော့ ရေခဲရေသောက်တယ်။ ရေခဲထုပ်တွေစားကြတယ်။ အရောင်အသွေးမျိုးစုံနဲ့ထုပ်ပိုးထားတဲ့ ရေခဲထုပ်၊ ရေခဲချောင်းတွေကလည်း အများသား။

ပြီးတော့ မိုးမကျခင်ကတည်းက သရက်သီးမှည့်တွေကပေါ်နေပြီ။ မနေနိုင်တော့ဝယ်စားကြတယ်။ မိုးမကျသေးတော့ ဗိုက်နာတာ၊ ဝမ်းလျှောတာတွေတောင်ဖြစ်ကြတယ်။ မုန့်ဟင်းခါးစားရင် ငရုတ်သီးများများနဲ့ထည့်စားတဲ့သူတွေ၊ ကြာဆံသုပ်၊ ခေါက်ဆွဲသုပ်စားတဲ့သူတွေ။ ဗိုက်နာဗိုက်အောင့်ဖြစ်တဲ့သူတွေထဲမှာ ပါတယ် အပူအစပ်များများစား၊ ရေတွေသောက်၊ နေကပူပါဘိသနဲ့၊ ဗိုက်ထဲမှာ ပြောင်းဆန်တော့တာပေါ့။

နောက်တစ်ချက်ကတော့ ကလေးတွေစားနေတဲ့ အစားအစာတွေကိုကြည့်၊ အချိုပေါင်း၊ အချဉ်ပေါင်းနဲ့ အစပ်ပေါင်းတွေစုံလို့၊ လက်ဖက်ကြမ်းတွေကို ငရုတ်သီးတွေနဲ့ထောင်းပြီး တစ်ထုပ်ငါးဆယ်နဲ့ ရောင်းတယ်။ မုန့်ဟင်းခါးတစ်ပွဲ ငါးဆယ်တဲ့။ ပြောင်းဖူးနဲ့ လက်ဖက်တွေ ရောနယ်ပြီး ရောင်းတယ်။ ဈေးချိုချိုချောင်ချောင်နဲ့ ရောင်းတော့ ကလေးတွေစားကြတာပေါ့။

တကယ်တော့ အစားအသောက်ဟာ လူတိုင်းအတွက် အရေးကြီးလှပါတယ်။ ခေတ်မီတိုးတက်တဲ့နိုင်ငံတိုင်းမှာ အစားအသောက်ကို ကယ်လိုရီတန်ဖိုးနဲ့ညှိပြီးကျွေးကြ စားကြပါတယ်။ ဒါကြောင့် ကလေးတွေဟာ ကိုယ်ကာယဖွံ့ဖြိုးစေရုံသာမက ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုလည်း အများကြီး အထောက်အကူဖြစ်ပါတယ်။ အာဟာရတန်ဖိုးထက် ရောင်းချနေသမျှ အစားအစာတွေကိုသာ အဆင်ခြင်ကင်းမဲ့စွာစားသောက်နေကြမယ်ဆိုရင် ပထမဦးစွာ မိမိကိုယ်တိုင်ရဲ့ ကျန်းမာရေးချို့တဲ့လာပါလိမ့်မယ်။ ဒုတိယအဆင့်အနေနဲ့ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနှေးကွေးလာပါလိမ့်မယ်။ တတိယအဆင့်အနေနဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေပါထိပါးလျော့ကျလာပါလိမ့်မယ်။

တကယ်တော့ လမ်းဘေးစားသောက်ဆိုင်တွေကိုလည်း စနစ်တကျစစ်ဆေးကြပ်မတ်ဖို့လိုပါတယ်။ စည်းကမ်းနဲ့အညီ စနစ်တကျထုပ်ပိုးပြင်ဆင် ရောင်းချဖို့လိုသလို ကျန်းမာရေးနဲ့ညီဖို့ အထူးလိုအပ်လှပါတယ်။ လမ်းဘေးမှာ ပုံစံအမျိုးမျိုးနဲ့ ရောင်းချင်သလိုရောင်းချနေကြတာတွေကလည်း ပြင်ဖို့လိုနေတဲ့အချက်တစ်ချက်ပါပဲ။

ကလေးတွေနဲ့ အဓိကပတ်သက်နေတာကတော့ ကျောင်းဈေးဆိုင်တွေပါပဲ။ နာမည်ကြီးတဲ့ကျောင်းတချို့မှာတော့ ကျောင်းဈေးဆိုင်တွေဟာ အတော်ကိုပဲ သပ်သပ်ရပ်ရပ်နဲ့ စနစ်ကျနမှုရှိတာမြင်ရပါတယ်။ သာမန်ကျောင်းမျိုးတွေမှာတော့ ရောင်းချင်သလိုရောင်း၊ ရောင်းချင်တာတွေရောင်းချနေကြတာတွေကိုလည်းတွေ့နေရပါတယ်။ ကလေးဆိုတာကတော့ ကျောင်းအတွင်းမှာ ရောင်းချတဲ့ဆိုင်ကပဲဝယ်စားရတာဆိုတော့ ရွေးချယ်စရာမရှိပါဘူး။ အနည်းစုကသာ မိဘတွေက စီမံပေးလိုက်တဲ့စားစရာကို စားနိုင်ကြတာပါ။

ဒီတော့ မကြာခင်မှာ အခြေခံပညာကျောင်းတွေဖွင့်တော့မှာပါ။ ကျောင်းထဲမှာ ရောင်းမယ့်ဈေးသည်တွေလည်း ပြင်ဆင်နေကြပါပြီ။ အစားအသောက်တွေကိုရောင်းချင်သလိုရောင်းချနေတာတွေကို ခွင့်ပြုလို့လုံးဝမဖြစ်တော့ပါဘူး။ ကလေးတွေအတွက် အာဟာရလည်းဖြစ်ရမယ်။ အပူအစပ်တွေလည်း ကင်းရမယ်။ သင့်တင့်တဲ့ ဈေးနှုန်းနဲ့လည်း ရောင်းချဖို့စီစဉ်ပေးနိုင်ရင် ကောင်းပါလိမ့်မယ်။

အဲဒီလိုမှ မဟုတ်ရင်တော့ ကလေးတွေဟာ ကျောင်းတွင်းကရောင်းတဲ့ အပေါစားအညံ့စားအစားအသောက်တွေ စားနေရပါလိမ့်မယ်။ ရောဂါဘယထူပြောပြီး ကြုံလှီချုချာတဲ့ ကလေးတွေ တိုးပွားလာဖို့ရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဧပြီ ၃၀ ရက်ကပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေးမှာ အခြေခံကျောင်းတွေမှာ အန္တရာယ်ရှိတဲ့ အစားအသောက်တွေရောင်းချခြင်းကို အပြီးသတ်ပိတ်သိမ်းရေးအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းပြီးတဲ့နောက်မှာ ကျောင်းတွင်းရောင်းချနေတဲ့ မုန့်ဆိုင်တွေကို ကျောင်းကျန်းမာရေးအဖွဲ့တွေနဲ့ ပူးပေါင်းစစ်ဆေးခြင်း၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က ခွင့်ပြုထားတဲ့ မုန့်တွေ ဟုတ်၊ မဟုတ် စစ်ဆေးခြင်း၊ အန္တရာယ်ရှိ အစားအသောက်တွေရောင်းချခြင်းကို လုံးဝပိတ်ပင်တားဆီးခြင်း၊ ဥပဒေဖောက်ဖျက်ပါက အမျိုးသားအစားအသောက်ဆိုင်ရာဥပဒေနဲ့ ထိထိရောက်ရောက်အရေးယူသွားမှာဖြစ်ကြောင်း သိရပါတယ်။

ဒါ့ကြောင့် အဓိကပါဝင်ရမှာက အခြေခံပညာကျောင်းတွေမှာ တာဝန်ယူအုပ်ချုပ်နေတဲ့ ဆရာကြီး၊ ဆရာမကြီးတွေပဲဖြစ်ပါတယ်။ ရောင်းချခွင့်ပြုမယ့်ဆိုင်တွေ၊ ဈေးသည်တွေကို စနစ်တကျစိစစ်ပြီး ခွင့်ပြုပေးမယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်။ အကောင်းဆုံးကတော့ ကလေးတွေကို ရောင်းချမယ့် အစားအသောက်တွေကို စစ်ဆေးရုံသာမက ကိုယ်တိုင်မြည်းစမ်းကြည့်တာ ပိုကောင်းပါလိမ့်မယ်။ စစ်ဆေးရေးလာမှ ပြင်ဆင်တာမျိုးမဖြစ်သင့်ပါ။ ကျောင်းကျန်းမာရေးအဖွဲ့နဲ့ အမြဲစစ်ဆေးပြီး ထိထိရောက်ရောက် အရေးယူပါ။ ကျန်းမာရေးနဲ့ညီညွတ်အောင် ရောင်းချနိုင်မယ့် မြန်မာ့ရိုးရာအစားအစာတွေ အများကြီးရှိပါတယ်။ ကိုယ်အမြတ်ရရေးတစ်ခုတည်း မကြည့်ကြပါနဲ့။ ကလေးတွေဟာ နိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်တွေပါ။ သူတို့တစ်တွေ ဖွံ့ထွားသန်မာပြီး ဉာဏ်ရည်ဉာဏ်သွေးမြင့်မားဖို့လိုပါတယ်။ တိုင်းပြည်မှာ အဲဒီလိုလူသားအရင်းအမြစ်တွေ များများကြီးတိုးပွားလာဖို့လိုနေလို့ပါပဲဗျာ။ ဒါ့ကြောင့် တားကြပါ၊ ဆီးကြပါ။ အရေးယူပေးကြပါလို့။

မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူလူထုအသိပညာပေးဟောပြော

မြစ်ကြီးနား မေ ၁၇

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ မူးယစ်ဆေးဝါးပြဿနာကို ရင်ဆိုင်ဖြေရှင်းလျက်ရှိပါသည်။ မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေး ဘေးအန္တရာယ်သည် လူသားများကို ခြိမ်းခြောက်လျက်ရှိပြီး ယခင်က မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ သုံးစွဲမှုသည် လူမှုရေးနှင့် ပြစ်မှုဆိုင်ရာကိစ္စများသာ ဖြစ်ခဲ့သော်လည်း ယခုအခါတွင် ပြည်သူများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို အဓိကခြိမ်းခြောက်နေသည့် အန္တရာယ်တစ်ခုအဖြစ် ပြောင်းလဲလျက်ရှိသည့်အတွက် ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ Know-hows လုပ်ငန်းစဉ်တို့ နှစ်နိုင်ငံအတွေ့ အကြုံများဖလှယ်၍ ပြည်သူလူထု အသိပညာပေးလှုပ်ရှားမှု မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို မေ ၁၅ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲမှာ မိမိတို့ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး လှုပ်ရှားမှုတစ်ခုဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဟောပြောမှုများကို ပျဉ်းမနားမြို့၊ တောင်ကြီးမြို့နှင့် ရန်ကုန်မြို့တို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရှေ့ဆက်၍လည်း မူးယစ်ဆေးဝါးသုံးစွဲမှုမြင့်မားသည့် ကလေးမြို့နှင့် မန္တလေးမြို့များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဇော်သိန်းက ပြောကြားသည်။

ဆက်လက်၍ အဖွဲ့ဥက္ကဋ္ဌက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်/ခရိုင်/မြို့နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များဖြင့် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင်လည်း အရှိန်အဟုန်မြင့်တားဆီးနှိမ်နင်းရေး ဆောင်ရွက်နိုင်ရန် ကချင်ပြည်နယ်အစိုးရအနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုလျှော့ချရေးအတွက် ဘိန်းခင်းများဖျက်ဆီးမှုနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ဝင်းက မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုပြဿနာ၊ စိတ်ကြွဆေးဝါးထုတ်လုပ်မှုပြဿနာနှင့်ရင်ဆိုင်နေရပြီး ယင်းပြဿနာများကို ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်ရေးအတွက် ထုတ်လုပ်မှုလျှော့ချရေးနှင့် သုံးစွဲမှုလျှော့ချရေးတို့ကို ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်နိုင်မှသာ အောင်မြင်နိုင်မည်ဟု ခံယူထားပါကြောင်း။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန မြစ်ကြီးနားမူးယစ်ဆေးဝါး ဆေးဖြတ်ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ဦးက မူးယစ်ဆေးဝါးသုံးစွဲမှုများ၏ ဆိုးကျိုးများအကြောင်းကို လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆန်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဥပဒေအကြောင်းသိကောင်းစရာများကို လည်းကောင်း၊ မြစ်ကြီးနား ခရိုင်မူးယစ်တပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ရဲမှူးစိုင်းသိန်းဇော်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောဆွေးနွေးကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။**(အပေါ်ပုံ)** မူးယစ်ဆေးစွဲသူများကို မြစ်ကြီးနား၊ မန္တလေး၊ ရန်ကုန် ဆေးစွဲကုသဆေးရုံများအပြင် ပြည်နယ်/တိုင်းဒေသကြီး စိတ်ရောဂါအထူးကုဌာနများ၊ ခရိုင်နှင့်မြို့နယ်ပြည်သူ့ဆေးရုံများတွင် ကုသပေးလျက်ရှိကြောင်း၊ မက်သာဒုံးဆေးရည်တိုက်ကျွေးပြီး မူးယစ်ဆေးဝါးဖြတ်သည့် နေရာများအနေဖြင့် ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ ဟိုပင်၊ နမ္မတီး၊ ဗန်းမော်၊ ဖားကန့်၊ လုံးခင်း၊ အောင်မြင်သာ၊ ဆိပ်မူ စသည့် ၁၁ နေရာတွင် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ်မူးယစ်ဆေးစွဲ ရောဂါကုဆေးရုံကြီး ဆေးကုသဌာနမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အစီရင်ခံစာအရ မှတ်ပုံတင်ထားသူများတွင် အသက်(၁၀)မှ (၃၉)နှစ်အကြား ၃၃ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ တစ်နှစ်ပတ်လုံးဖတ်ရှုနိုင်ရန် အလှူငွေပေး

မန္တလေး မေ ၁၇

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မြစ်ကြီးနား၊ တောင်ကြီး၊ လားရှိုး၊ မကွေးမြို့နယ်များရှိ ကျေးရွာများအတွက် နေ့စဉ်ထုတ်မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို တစ်နှစ်ပတ်လုံး ဖတ်ရှုနိုင်ရန် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၈နာရီက စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်(မြဘုရင်နို့ချက်လုပ်ငန်း)မှ ဒေါ်ကေသီဝင်းနှင့် ဦးထွန်းနိုင်(ရွှေမြေအောင်တိုက်၊ အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း)တို့က ဒေသခံပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်အလို့ငှာ နေ့စဉ်သတင်းစာများ ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားပြီး ဒေါ်ကေသီဝင်းက အလှူငွေကျပ် ၁၈ သိန်းပေးအပ်လှူဒါန်းရာ စဉ့်ကိုင်မြို့နယ် ဆည်ရွာအုပ်ချုပ်ရေးမှူးဦးသန်းကလက်ခံပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဦးထွန်းနိုင် (ရွှေမြေအောင်တိုက်၊ အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း)-ဒေါ်မိုးမိုးခိုင်တို့က ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၃၆ သိန်းအားပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းရရှိငွေကျပ် ၅၄ သိန်းဖြင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ စာကြည့်တိုက်များ၊ လူမှုရေးအသင်းများ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဝတ်အသင်းများ၊ ဓမ္မာရုံများသို့ မြန်မာ့အလင်းစောင်ရေ ၅၀ နှင့် ကြေးမုံစောင်ရေ ၅၀ စီ စုစုပေါင်းစောင်ရေ ၁၀၀ ကို မြဘုရင်နို့ချက်လုပ်ငန်းမှလည်းကောင်း၊ ဦးထွန်းနိုင်-ဒေါ်မိုးမိုးခိုင်တို့က မြစ်ကြီးနား၊ တောင်ကြီး၊ လားရှိုး၊ မကွေးမြို့နယ်တို့ရှိ ကျေးရွာများအတွက် မြန်မာ့အလင်းစောင်ရေ ၁၀၀ နှင့် ကြေးမုံစောင်ရေ ၁၀၀ စီ စုစုပေါင်းစောင်ရေ ၂၀၀ ကိုလည်းကောင်း မေ ၁၇ ရက်မှစ၍ နေ့စဉ် တစ်နှစ်တိတိ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ အခြားအလှူရှင်များကလည်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအတွက် ဆက်လက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

နို့တစ်လုံးဖိုးပဲ ကျေသတဲ့လား

၁၂-၅-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ "အနှိုင်းမဲ့အမေ" ဆောင်းပါး ဖတ်လိုက်ရပါတယ်။ မိဘကျေးဇူးကြီးမားပုံ၊ ကျေးဇူးဆပ်သင့်ပုံ၊ မပြစ်မှားသင့်ပုံကို ရခိုင်သူမြတ်၏ လောကသာရပျို့၊ သံတော်ဆင့် ဦးကျော်၏ မင်္ဂလာပျို့၊ မန်လည်ဆရာတော်၏ လင်္ကာအဆိုအမိန့်များ၊ သုဝဏ္ဏသာမဇာတ်၊ ကေဒါရကျေးမင်းဇာတ်၊ ဒီဃာဝုမင်းသားဇာတ်၊ အဇာတသတ်၏ဖြစ်ရပ် စသဖြင့် တန်ဆာဆင်ရေးဖွဲ့ထားတဲ့ ဆောင်းပါးကောင်းပါ။

ခေတ်ပြောင်းလာတာနဲ့အမျှ ယနေ့ခေတ်လူငယ်တို့ရဲ့ သွင်ပြင်စရိုက် အပြောင်းလဲကြီးပြောင်းလဲလာပုံ၊ မိမှန်းဖမှန်းမသိ၊ မိစကားကိုလက်မခံခွန်းတုံ့ပြန်အနှိုင်းမဲ့အမေအပေါ် ကျေးဇူးမသိ၊ တန်ဖိုးထားရမှန်းမသိ ပြစ်မှားမိကြပုံများ တင်ပြတာ ဝေဆာထောင့်စေ့လှပါတယ်။

ဒါပေမယ့် ပညာရှိသတိဖြစ်ခဲ ဖော်ပြပုံလွဲတာလေးတစ်ချက်ကိုတော့ ခြောက်ပြစ်ကင်းစေချင်တဲ့ စေတနာနဲ့ ထောက်ပြပါရစေ။

"ဘုရားသခင်သည် မိခင်၏ကျေးဇူးကိုဆပ်ရာတွင် နို့တစ်လုံးဖိုးသာကျေသည်ဟုအဆိုရှိသည်။ သာမန်ပုထုဇဉ် လူသားအဖို့ကား ဆိုဖွယ်ရာမရှိ"ဟူ၍. . .။ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ဆရာတော်ရဲ့ "မိဘကျေးဇူး အကျေဆပ်နည်း" စာအုပ်မှာ ဒီလိုဖော်ပြထားပါတယ်။ ပိဋကတ်တော်မှာ မပါတဲ့အကြောင်းအရာတစ်ခုကို ပါသလိုလိုရေးသားပြောဆိုတာဟာ အရမ်းအရမ်းကို အပြစ်ကြီးပါတယ်။ နို့တစ်လုံးဖိုးပဲ ကျေတယ်ဆိုတဲ့အချက်ကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်လည်း ဟောကြားတော်မမူခဲ့သလို အဋ္ဌကထာဆရာ၊ ဋီကာဆရာတွေလည်း ဖွင့်ဆိုတော်မမူခဲ့ကြပါဘူး။

ဘုရားတောင်မှ မိဘကျေးဇူးနို့တစ်လုံးဖိုးပဲကျေတယ်လို့ ပြောတဲ့သူဟာ ဘုရားကိုလည်း စော်ကားရာရောက်သလို တရားကိုလည်း ဖျက်ဆီးရာရောက်ပါတယ်။ သာသနာဖျက်တဲ့သူလို့တောင် ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်တဲ့အထိ အကုသိုလ်ကြီးပါတယ်။

မြတ်စွာဘုရားရှင်ဟာ မိခင်ကျေးဇူးကို နို့နှစ်လုံးဖိုး ကျေအောင်ဆပ်နိုင်ခဲ့ပါတယ်။ မြတ်စွာဘုရားရှင်မှာ မိခင်အပေါ် နို့ဖိုးကြွေးလုံးဝမကျန်တော့ပါဘူးဆိုတဲ့ မိန့်ဆိုရေးသားချက် ပိဋကတ်တော် (ထေရဝါဒစစ်စစ် ဗုဒ္ဓစာပေ) မှာ အခိုင်အမာ အထင်အရှားရှိပါတယ်။

မြတ်စွာဘုရားရှင်ဟာ မိခင်နို့ (၇)ရက်တိုက်ကျွေးခဲ့တဲ့ မယ်တော်ရင်း မဟာမာယာဒေဝီကနေ ဘဝပြောင်းသွားတဲ့ သန္တုသိတနတ်သားကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရား (သုတ္တန်ကြားညှပ်) ဟောကြားပေးခြင်းအားဖြင့် သောတာပန်ဖြစ်သွားအောင် ဓမ္မနို့ရည်တိုက်ကျွေးခဲ့ပါတယ်။ ရဟန္တာဖြစ်ဖို့ သေချာသွားတဲ့အတွက် နို့တစ်စက်ဖိုးမှ အကြွေးမကျန်တော့ပါဘူး။ နို့ဖိုးကြွေးအားလုံး ကျေသွားပါပြီ။ နို့နှစ်လုံးဖိုးကျေးဇူးဆပ်ပြီးပါပြီ။

နှစ်နဲ့ချီပြီး နို့စို့ခဲ့ရတဲ့ မိထွေးတော်ဂေါတမီ (ဓမ္မနို့ရည် တိုက်ကျွေးခဲ့ရလို့ ရဟန္တာ မဟာပတိဂေါတမီထေရီမကြီးဖြစ်သွား) အပေါ်မှာတောင် နို့ဖိုးကြွေးမကျန်တော့ဘူးဆိုမှတော့ ခုနစ်ရက်ပဲ နို့စို့ခဲ့ရတဲ့ မယ်တော်မာယာအပေါ် နို့ဖိုးကြွေးတစ်စက်ဖိုးမှ မကျန်တော့ဘူးဆိုတာ သံသယဖြစ်စရာ မရှိပါ။ နို့နှစ်လုံးဖိုးကျေပါတယ်။

မြတ်စွာဘုရားတောင်မှ မိခင်ကျေးဇူးကို နို့တစ်လုံးဖိုးပဲ ကျေအောင်ဆပ်နိုင်ခဲ့ပါတယ်ဆိုတဲ့စကားဟာ တက်တက်စင်အောင် လွဲမှားတဲ့ လုပ်ကြံစကားသာ ဖြစ်ပါတယ်။ ဘယ်ပိဋကတ်(ဘယ်ဗုဒ္ဓစာပေ)မှာမှ မပါပါဘူး။

မိဘကျေးဇူး အကျေဆပ်နည်းကိုလည်း မြတ်စွာဘုရားက ဒီလိုဟောကြားလမ်းညွှန်ထားပါတယ်။

(၁) သဒ္ဓါတရားမရှိတဲ့ မိဘကို သဒ္ဓါတရားနဲ့ ပြည့်စုံစေခြင်း
(၂) သီလမရှိတဲ့ မိဘကို သီလနဲ့ ပြည့်စုံစေခြင်း
(၃) မပေးရက်မလှူရက် နှမြောဝန်တိုတဲ့ မိဘကို စွန့်ကြဲပေးကမ်းလှူဒါန်းမှုနဲ့ ပြည့်စုံစေခြင်း
(၄) ဉာဏ်ပညာမရှိတဲ့ မိဘကို ဉာဏ်ပညာနဲ့ ပြည့်စုံစေခြင်း

နိုင်ငံတော်ဘွဲ့တံဆိပ်တော် (ကိုးဘွဲ့ရ) အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ) ရဲ့ "မိဘကျေးဇူး ဆပ်ကြစို့" တရားစာအုပ်ငယ်မှာလည်း ဒီလိုဖော်ပြထားပါတယ်။

ဘုရားရှင်ဟာ ဘုရားဖြစ်လို့ ခုနစ်ဝါမြောက်တဲ့ဝါမှာ တာဝတိံသာနတ်ပြည်ကိုတက်ပြီး မယ်တော်မာယာဒေဝီဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားကြီးကို အဘိဓမ္မာ တရားတော်တွေဟောပြီး သောတာပန်ဖြစ်အောင် အမေ့နို့နှစ်လုံးဖိုးကျေအောင် အမေ့နို့ဖိုးကြွေးဆပ်ခဲ့တယ်။

(မောင်ကျေးဇူး)

စစ်မှုထမ်းကာလအပြီး ပထမဆုံးဟောလိဝုဒ်ဇာတ်ကားသစ်ကို ကိန်းစ်တွင် ပြသခွင့်ရခဲ့သည့် ရိန်း

(၆၇) ကြိမ်မြောက် ကိန်းစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ပြင်သစ်နိုင်ငံ ကိန်းစ်မြို့တော်၌ မေ ၁၄ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိရာ တောင်ကိုရီးယားကြယ်ပွင့် ရိန်း၏ စစ်မှုထမ်းကာလအပြီး ပထမဆုံးသော ဟောလိဝုဒ်ဇာတ်ကားဖြစ်သည့် The Prince ဇာတ်ကားကို ယင်းရုပ်ရှင်ပွဲတော်၌ တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သည်းထိတ်ရင်ဖိုအက်ရှင်ဇာတ်ကားဖြစ်သည့် The Prince တွင် ရိန်းနှင့်အတူ ဝါရင့်ဟောလိဝုဒ်မင်းသားများ ဖြစ်ကြသည့် Bruce Willis၊ John Cusak၊ Fifty Cent နှင့်အခြားသရုပ်ဆောင်ပေါင်းများစွာ ပါဝင်မည်ဖြစ်သည်။

ရိန်းသည် ဟောလိဝုဒ်ဇာတ်ကားများ ဖြစ်သည့် ၂၀၀၈ခုနှစ်က Speed Racer ဇာတ်ကားနှင့် ၂၀၀၉ ခုနှစ်က Ninja Assassin ဇာတ်ကားတို့တွင် ပါဝင်ခဲ့ပြီး ငါးနှစ်ကျော်ကြာမြင့်ပြီးမှ ပြန်လည်မြင်တွေ့ရသည့် ယခုဇာတ်ကားသစ်တွင်မူ ဗီလိန်ဇာတ်ရုပ်အဖြစ်ပါဝင်ထားခြင်းကြောင့် ပရိသတ်၏ အထူးအာရုံထားမှုခံနေရကြောင်း သိရသည်။

တောင်ကိုရီးယားကြယ်ပွင့် ရိန်းသည် လက်ရှိတွင် နိုဝင်ဘာ၌ ထွက်ရှိမည့် တရုတ်ဇာတ်ကားသစ်အတွက် အလုပ်များလျက်ရှိနေပြီး ပရိသတ်များအနေဖြင့် ယခုနှစ်တစ်နှစ်လုံးတွင် ၎င်းကို များစွာသော ကိုရီးယား၊ ဟောလိဝုဒ်နှင့် တရုတ်ဇာတ်ကားများတွင် မြင်တွေ့ရဦးမည်ဖြစ်သည်။

ရော့ခ်တေးသီချင်းဗီဒီယိုတွင် ဒါရိုက်တာတစ်ဦးအဖြစ် မြင်တွေ့ရမည့် ခရစ္စတင်းစတီးဝပ်

Twilight ဇာတ်ကားများ၏ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်သူ အမေရိကန်မင်းသမီး ခရစ္စတင်းစတီးဝပ်က ရော့ခ်သီချင်းတစ်ပုဒ်၏ တေးသီချင်းဗီဒီယိုတွင် ကင်မရာနောက်ကွယ်မှ ဖန်တီးသူ ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါတေးသီချင်းဗီဒီယိုကို အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ်တွင် သွားရောက်ရိုက်ကူးမည်ဖြစ်ကာ ယခုလအတွင်းဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မ အသက် (၁၀) နှစ်လောက်ကတည်းက ဒါရိုက်တာ လုပ်ချင်ခဲ့တာပါ၊ အခုတေးသီချင်းဗီဒီယိုမှာလည်း အံ့သြထူးခြားဖွယ် သရုပ်ဆောင်များနဲ့ အရင်က ရိုက်ကူးခဲ့ဖူးတဲ့ ဘယ်ဗီဒီယိုနဲ့မှ မတူအောင် ရိုက်ကူးသွားမှာပါ၊ အားလုံးလည်း စိတ်ဝင်စားမယ် ထင်ပါတယ်"ဟု အသက်(၂၄)နှစ်အရွယ် မင်းသမီး ခရစ္စတင်းက ဆိုသည်။

မင်းသမီး ခရစ္စတင်းစတီးဝပ်သည် လွန်ခဲ့သည့်မတ်လက စတင်ရိုက်ကူးလျက်ရှိသည့် အယ်လ်ဇိုင်းမား ရောဂါခံစားနေရသော ဆရာဝန်တစ်ဦးအကြောင်း ပုံဖော်ထားသည့် Still Alice ဒရာမာဇာတ်ကားတွင် Julianne Moore နှင့်အတူ ပါဝင်သရုပ်ဆောင်ထားပြီး ပြင်သစ်နိုင်ငံ မြို့တော်ကိန်းစ်တွင် ကျင်းပလျက်ရှိသည့် ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် မိတ်ဆက်ပြသမည့် Clouds of Sils Maria ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

မျိုးစန္ဒာမောင်
စုစည်းသည်

အမည်မှန်ဖြစ်ကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အထက(၄)၊ သတ္တမတန်း(A)တွင် ပညာသင်ကြားခဲ့သော (အဖ) ဦးအောင်သူရ၏သား မောင်ခွန်စည်သူဟိန်း၏ မှတ်ပုံတင်ပါ အမည်မှန်မှာ မောင်ခွန်စည်သူဟိဏ်း ဖြစ်ပါကြောင်း။

မောင်ခွန်စည်သူဟိဏ်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၂၊ မြေကွက်အမှတ်-၅၀၃/က၊ မြေကွက်တည်နေရာအမှတ် (၅၀၃/က)၊ ရတနာသိဒ္ဓိလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်း၊ ဦးကျော်[၁၂/သဃက(နိုင်)၀၂၀၆၃၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်(ဖခင်)နှင့် ဒေါ်ခင်ရီ(မိခင်)တို့ ကွယ်လွန်သဖြင့် ၁။ဒေါ်စန်းစန်းမြင့်[၁၂/သဃက(နိုင်)၀၂၀၂၆၇]၊ ၂။ဦးဝင်းညွန့်[၁၂/သဃက(နိုင်)၀၃၅၆၄၁]၊ ၃။ဦးကျော်ကျော်မိုး[၁၂/သဃက(နိုင်)၀၂၂၇၃၇]၊ ၄။ဦးကျော်ကျော်နိုင်[၁၂/သဃက(နိုင်)၁၄၇၀၉၁]တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၁၁)နှစ်အရွယ် ကလေးငယ်တစ်ဦး နွားကျောင်းထွက်စဉ် ဓာတ်လိုက်သေဆုံး

မိတ္ထီလာ မေ ၁၇

မိတ္ထီလာမြို့ ရေဝေကျေးရွာအုပ်စု အင်းမကျေးရွာတွင် (၁၁)နှစ်အရွယ် ကလေးငယ်တစ်ဦး မေ ၁၆ ရက် ညနေ ၄ နာရီခန့်က နွားကျောင်းထွက်စဉ် ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးငယ်တစ်ဦး ဓာတ်လိုက်သေဆုံးကြောင်း သတင်းရရှိသဖြင့် ရှမ်းမငယ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ဇေယျနှင့် တပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးနေသည့် ကလေးငယ်မှာ ရေဝေကျေးရွာအုပ်စု အင်းမကျေးရွာနေ မဇင်မာဖြိုး (၁၁)နှစ် စတုတ္ထတန်းကျောင်းသူ (ရေဝေအထက)ခွဲ)ဖြစ်ပြီး ကလေးငယ်သည် နွားကျောင်းထွက်စဉ် မိတ္ထီလာမှ ကျောက်ပန်းတောင်းသို့ သွယ်တန်းထားသည့် အမြင့် ၁၀ ပေရှိ လျှပ်စစ်ဓာတ်ကြိုးအား သစ်ကိုင်းအစို တစ်ခုဖြင့် ရိုက်ခတ်ဆော့ကစားရာမှ ပြင်ပဒဏ်ရာမရရှိဘဲ ဓာတ်လိုက်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။

ထို့ကြောင့် မဇင်မာဖြိုး သေဆုံးမှုအား ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်/မဟုတ် သေမှုသေခင်းအမှတ်စဉ် ၃ / ၂၀၁၄ ဖြင့် ရှမ်းမငယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

(၅၇၉)

မိုးသက်လေပြင်းတိုက်ခတ်၍ လူတစ်ဦးသေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

မြစ်သား မေ ၁၇

မြစ်သားမြို့နယ်တွင် မေ ၁၅ ရက် ည ၈ နာရီကျော်က မိုးသက်လေပြင်း တိုက်ခတ်မှုများဖြစ်ပေါ်ခဲ့သဖြင့် လူတစ်ဦးသေဆုံးခဲ့ပြီး ကျောင်းများ၊ လူနေအိမ်များ၊ လျှပ်စစ်ဓာတ်တိုင်များ၊ ဆက်သွယ်ရေးတိုင်များ ပြိုလဲခဲ့ကာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် သရက်ပင်ကံဆွယ်အုပ်စု ကံဆွယ်ကျေးရွာနေ မဝါဝါမောင် (၁၄)နှစ်သည် နေအိမ်အတွင်းရှိနေစဉ် အနီးရှိသစ်ပင်ပြိုလဲကာအိမ်ပေါ်ကျ၍ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး မိုင်းမောတိုက်နယ်ဆေးရုံသို့ တင်ပို့ရာ ည ၁၁ နာရီတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထို့အပြင် မိုးသက်လေပြင်းတိုက်ခတ်မှုများကြောင့် မြို့မအရှေ့ရပ်ကွက်၊ ဘူတာရပ်ကွက်၊ ကူမဲရဲစခန်း၊ မိုင်းမောကျေးရွာ အုပ်စုတို့တွင် လူနေအိမ်များ၊ အခြေခံစာသင်ကျောင်းများ၊ လိုင်းခန်းများ အမိုးများလန်ခြင်းနှင့် သစ်ပင်များလဲ၍ နေအိမ်များ ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး နွားတစ်ကောင် သစ်ပင်ပိသေဆုံးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ကလေးမြို့တွင် မီးလောင်မှုဖြစ်ပွား

ကလေး မေ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကြို့သုံးပင်ရပ်ကွက်တွင် မေ ၁၆ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

မီးလောင်မှု ဖြစ်ပွားရခြင်းမှာ ဒေါ်ဒင်ဇနန်သည် ပလတ်စတစ် ရှစ်ဂါလန်ပုံးထဲသို့ ဆီခံမရှိဘဲ ဓာတ်ဆီတစ်ဂါလန် လောင်းထည့်လိုက်ရာ အပူချိန်နှင့်ဖိအားကြောင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး သွပ်မိုး နှစ်ထပ်အိမ်တစ်လုံး မီးလောင်ကျွမ်းသွားခဲ့ကာ အခြားအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်း မရှိကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

ငွေနှင့်လက်ကိုင်ဖုန်းလုယူခံရမှုအား အမှုဖွင့်တိုင်ကြား

မိတ္ထီလာ မေ ၁၇

မိတ္ထီလာတွင် မေ ၁၄ နံနက် ၆ နာရီခွဲက မယုယုထွေး (၂၄)နှစ် ရန်မျိုးအောင်ရပ်ကွက် နယ်မြေ(၃) နေထိုင်သူသည် နေအိမ်မှ ဆိုင်ကယ်ဖြင့် မိတ္ထီလာ-သာစည်ကားလမ်းမအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာရာ မဟာစည်တိုးချဲ့ရပ်နှင့်မနီးမဝေး အုတ်ကျင်းကျေးရွာအနီးသို့ ရောက်ရှိစဉ် နောက်မှအမည်မသိ အမျိုးသားနှစ်ဦးမောင်းနှင်လာသည့် အမျိုးအစားနှင့်ယာဉ်နံပါတ်မသိ မော်တော်ဆိုင်ကယ်တစ်စီးသည် မယုယုထွေး၏ ဆိုင်ကယ်အနီးလက်ဝဲဘက်မှကပ်၍စီးနင်းကာ လက်မောင်းကို လှမ်းတွန်းသဖြင့် ဟန်ချက်ပျက်သွားစဉ် ငွေစက္ကူရောရာ ခုနစ်သိန်းသုံးသောင်းကျပ်၊ ဖုန်းနံပါတ် ၄၀၀၀၂၄၁၁ GSM ဆင်းကတ်ပါ Galaxy Note အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံး၊ အမျိုးသားမှတ်ပုံတင်တစ်ခု၊ မိန်းမကိုင်ပိုက်ဆံအိတ်ငယ်တစ်လုံးတို့ပါဝင်သည့် ပလတ်စတစ်အနက်ရောင်အိတ်အား လုယူထွက်ပြေးသွားသဖြင့် မယုယုထွေးမှ လာရောက်အမှုဖွင့်တိုင်ကြားသဖြင့် မိတ္ထီလာမြို့မရဲစခန်းက (ပ)၂၇၁/ ၂၀၁၄ ၊ ပုဒ်မ - ၃၈၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

လျှပ်စစ်သုံးလျှင် သတိမူ၍ ဝန်အားမမျှ မသုံးရ

(၂)နှစ်မြောက်မွေးနေ့ဆုတောင်း

ဒီနေ့ ၁၈-၅-၂၀၁၄ရက်တွင် ကျရောက်သည့်ချစ်သမီးလေး မသွန်းကြည်ဖြူထိုက်၏ (၂)နှစ်မြောက်မွေးနေ့ရက်မြတ်မှသည် သမီးလေး၏ဘဝတစ်လျှောက်လုံးတွင် လိုအင်ဆန္ဒများပြည့်ဝပြီးလောကတွင် အလွန်အဖိုးတန်၍ တန်ဖိုးရှိသော သမီးကောင်းရတနာလေးဖြစ်ပါစေ-

ပါပါး - ဗိုလ်ကြီးစိုးထိုက်အောင်

မေမေ- ဒေါ်မင်းမင်းထိုက်

(ကျောက်ဆည်မြို့)

C B Insurance
နိုင်ငံသား စီးပွားရေး အာမခံ (အများပိုင်) လီမိတက် ၏
မန္တလေးရုံးခွဲ ကို
မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တွင်
၁၇.၅.၂၀၁၄ (စနေနေ့) ၌ အောင်မြင်စွာ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း နှင့်
အောက်ပါအာမခံလုပ်ငန်းဝန်ဆောင်မှု
(၁)ပြည်သူ့ပြည်သားအသက်အာမခံ
(၂)ပြည်သူ့ဝန်ထမ်းအသက်အာမခံ
(၃)တပ်မတော်သားအသက်အာမခံ
(၄)စုပေါင်းအသက်အာမခံ
(၅)အားကစားသမားအသက်အာမခံ
(၆) မြွေအန္တရာယ်အသက်အာမခံ
(၇)အမြန်လမ်းမကြီး အထူးခရီးသွားအာမခံ
များကို ထက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။
"သင့်ဘဝအနာဂတ်လုံခြုံဖို့
C B Insurance
မှာ အာမခံထားကြစို့..."
www.cbinsurance.com.mm
www.facebook.com/cbinsurance.mm

ယခုနှစ် မေ ၄ ရက်ထိ ပြည်ပဧည့်သည် ဝင်ရောက်မှု စာရင်းများအရ မျှော်မှန်းလျာထားချက် ပြည့်မီနိုင်

ရန်ကုန်၊ မေ ၁၇

မြန်မာနိုင်ငံအတွင်းသို့ ယခုနှစ် မေ ၄ ရက်အထိ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုသည် ၂၀၁၃ ခုနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက လူဦးရေ နှစ်သိန်းရှစ်သောင်းကျော် ပိုမိုဝင်ရောက်ခဲ့သောကြောင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ်ကုန်ထိ မျှော်မှန်းထားသော ပြည်ပဧည့်သည်ဝင်ရောက်မှု လျာထားချက် သုံးသန်းပြည့်မီရန် အလားအလာကောင်းလျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ် မေလဆန်းပိုင်းအတွင်း လာရောက်လည်ပတ်သော ပြည်ပဧည့်သည်ဦးရေမှာ ၇၃၅၁၁၂ ဦးရှိသော်လည်း ယခုနှစ် မေ ၄ ရက်ထိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းမှတ်တမ်းများအရ ပြည်ပဧည့်သည်ဦးရေမှာ ၁၀၂၄၆၄၇ သန်း ဖြစ်သောကြောင့် ယခင်နှစ်ထက် လူဦးရေ ၂၈၉၅၃၅ ပိုမိုများပြားလာသည်။

အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဂိတ်နှင့် ကမ်းလှည့်ခရီးသည် အပျော်စီးသင်္ဘောတို့မှ ဝင်ရောက်မှုများအနက် နယ်စပ်ဂိတ်မှ ဝင်ရောက်မှုမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

"အခုလတွေက ခရီးသွားနည်းတဲ့ ရာသီတွေဖြစ်ပေမယ့် နောက်ပွင့်လင်းလာမယ့်ရာသီတွေတော့ ပြန်တက်လာမှာပါ။ကျွန်တော်တို့ဝန်ကြီးဌာနက မျှော်မှန်းတဲ့ လျာထားချက် သုံးသန်းကိုကျော်မယ်ထင်တယ်။ အခု E-Visa လည်း ပေးဖို့လုပ်နေတော့ ခရီးသွားတဲ့အခါ ပိုမိုအဆင်ပြေနိုင်သလို ပြည်ပခရီးသည်ဝင်ရောက်မှုကလည်း မျှော်မှန်းထားသလို တိုးလာမှာပါ" ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှလည်း လာမည့် စက်တင်ဘာလ ပထမသတင်းပတ်အတွင်း မြန်မာနိုင်ငံရှိ နိုင်ငံတကာအဆင့် လေဆိပ်များနှင့် တရားဝင်နယ်စပ်ဂိတ်ဝင်ပေါက်၊ ထွက်ပေါက် ၁၆ ခုတွင် အွန်လိုင်းဗီဇာစနစ် E-Visa စနစ်ကို စတင်နိုင်ရန် စီစဉ်နေသောကြောင့် ပြည်ပခရီးသည်ဝင်ရောက်မှု ယခင်နှစ်များထက် ပိုမိုတိုးပွားလာကြောင်း ၎င်းကပြောသည်။

ယခုနှစ် ဧပြီလကုန်ထိ မြန်မာနိုင်ငံတွင် ဟိုတယ်အလုံးပေါင်း ၉၈၈ လုံးရှိပြီး အခန်းပေါင်း ၃၈၁၄၂ ခန်းရှိကြောင်း သိရသည်။

"၂၀၁၃ ခုနှစ် တစ်နှစ်လုံးမှ ခရီးသည်တင်ကာ လေယာဉ်ပျံစင်းလုံးငှားပြီး မြန်မာနိုင်ငံကိုလာလည်တာငါးစီးပဲရှိပေမယ့် ဒီနှစ်မှာ ဖေဖော်ဝါရီလပိုင်းမှာတင် နှစ်စီးရှိနေပါပြီ။ နောက်ပွင့်လင်းရာသီတွေ ကျန်သေးလို့ နောက်ထပ်လေယာဉ်စင်းလုံးငှားပြီး လာရောက်လည်ပတ်တာတွေ ရှိနိုင်ပါသေးတယ်" ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွား ဧည့်သည်ဦးရေမှာ၂ ဒသမ ၀၄၄ သန်း ရှိခဲ့ပြီး လာရောက်လည်ပတ်မှု အများဆုံးဖြစ်သော ရန်ကုန်မြို့တွင် ၈၂၄၁၀၇ ဦး၊ မန္တလေးမြို့တွင် ၂၁၉၅၁၈ ဦး၊ ပုဂံဒေသတွင် ၁၉၆၃၆၉ ဦးနှင့် တောင်ကြီး၊ အင်းလေးဒေသတွင် ၁၀၁၃၂၀ ဦးတို့ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

စိုးအောင်ဖေ

ရွှေဆံတော်ဘုရားပွဲ၌ လောင်းကစားဝိုင်းဖမ်းဆီးရမိ

တောင်ငူ၊ မေ ၁၇

မေ ၁၂ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က တောင်ငူမြို့၊ အမှတ်(၁၃)ရပ်ကွက်ရှိ သမိုင်းဝင် ရွှေဆံတော်ဘုရားပွဲတွင် တရားမဝင် ကော်ကွင်းပစ် လောင်းကစားဝိုင်းကို ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ပြီး ရဲနိုင် ၃၈ နှစ်၊ထောက်ကြန့်မင်္ဂလာဒုံမြို့နယ်နေသူအား အဝါရောင်ကော်ကွင်း ၂၅ ကွင်း၊အရှည်နှစ်ပေခွဲ၊အနံတစ်ပေခွဲရှိအထပ်သားပြားခြောက်ချပ်နှင့် လောင်းကစားဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေစက္ကူရောရာ ၂၇၅၀၀ ကျပ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့၍ တောင်ငူအမှတ်(၂)နယ်မြေမှ (ပ)၁၄၈/၂၀၁၄ လောင်းကစားဥပဒေပုဒ်မ ၁၂(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

နယ်လှည့်စာကြည့်တိုက်များ ဗဟန်းမြို့နယ်တွင်း ဖွင့်လှစ်

ရန်ကုန် မေ ၁၆

ပြည်သူများ ဗဟုသုတတိုးပွား၍ စာအုပ်စာစောင်များအား အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ပြည်သူ ကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများအား ဗဟန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာနှင့် ဝန်ထမ်းများက လစဉ်ဆောင်ရွက်လျက်ရှိရာ ယခုလအတွင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးတောင်၊ ငါးထပ်ကြီးမြောက်၊ မြို့နယ်ထွေအုပ်၊ မြို့နယ်စည်ပင်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်များသို့ သွားရောက်၍ စာအုပ်စာစောင်များငှားရမ်းခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလွင်ဦးနှင့် ဦးကျော်ရှင်းတို့က ရပ်ကွက်စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များလှူဒါန်းခဲ့ပြီး လစဉ်ဌာနဆိုင်ရာများ ရပ်ကွက်များသို့ လှည့်လည်၍ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သန္တာမေ

လမ်းဘေးတွင်ရပ်နေသည့် အမျိုးသမီးနှစ်ဦး (၃၃၃) ခရီးသည်တင်ယာဉ်မှ ဝင်ရောက်တိုက်မိ၍ သေဆုံး

ရန်ကုန်၊ မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်း လမ်းမကြီးပေါ်၌ မေ ၁၄ ရက် ညနေ ၃ နာရီ မိနစ်၂၀ ခန့်က အရှေ့မှအနောက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော (၃၃၃) ယာဉ်လိုင်း ခရီးသည်တင်ယာဉ်သည် လမ်းဘေး၌ရပ်နေသော အမျိုးသမီးနှစ်ဦးအား ဝင်ရောက်တိုက်မိခဲ့ရာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်အရ လှိုင်သာယာမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု(၁၇)မှ ရဲအုပ်ဝင်းဌေးနှင့် တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းနှင့်အညီ စုံစမ်းစစ်ဆေးမှုပြုရာတွင် ရန်ကုန်-ညောင်တုန်း လမ်းမကြီးဘေး (၅)ထိပ် မှတ်တိုင်အနီး၌ရပ်နေသာ ဒေါ်ခင်ရွှေ၊ စိန်ရတနာလမ်း၊ မြေတိုင်း(၂၂)၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းကျေးရွာနေသူနှင့်အသက် ၅၀ နှစ်ခန့်ရှိ အမျိုးသမီး (လိပ်စာအမည် စုံစမ်းဆဲ) နှစ်ဦးတို့ကို အမှတ် (၃၃၃) ခရီးသည်တင်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခဲ့ရာ ၎င်းအမျိုးသမီးနှစ်ဦးသည် ပြင်းထန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း(စုံစမ်းဆဲ)မှာ ထွက်ပြေးသွားခဲ့၍ ယာဉ်ထိန်းတပ်ဖွဲ့စု(၁၇)မှ ရဲအုပ်ဝင်းဌေးက တရားလိုပြုလုပ်၍ယာဉ် (ပ)၆၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄/၂၀၂ ဖြင့် စုံစမ်းစစ်ဆေးဆောင်ရွက်နေကြောင်းသိရသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

အာမခံလုပ်ငန်းနှင့် ပတ်သက်၍ မုံရွာမြို့တွင် အသိပညာပေးဟောပြော

မုံရွာ၊ မေ ၁၇

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီခွဲခန့်က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ကော်မတီရုံးခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

စက်တပ်ယာဉ် မတော်တဆထိခိုက်မှုများကြောင့် ပြည်သူများနစ်နာဆုံးရှုံးမှုကို တစ်ဖက်တစ်လမ်းမှ လျော့နည်းနိုင်စေရန်မြန်မာ့အာမခံလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံဒေါ်အေးအေးသွင်ကအသိပညာပေး ဟောပြောခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်ပေးလျက်ရှိသော သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံနှင့် မေလအတွင်း စတင်ဆောင်ရွက်မည့် အဝေးပြေးအမြန်လမ်းမကြီးဆိုင်ရာ အထူးခရီးသွားအာမခံလုပ်ငန်းများနှင့် ပတ်သက်၍ အာမခံ လက်ခံဆောင်ရွက်ခြင်း၊ စည်းကမ်းချက်များရရှိနိုင်သည့် အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များ၊ အဝေးပြေးအမြန်ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လိုင်းတာဝန်ခံများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

မြန်မာ့အာမခံလုပ်ငန်းမှ မုံရွာမြို့တွင် အသိပညာပေးဟောပြောစဉ်။

တက်ရောက်သူများမှသိလိုသည့် အချက်အလက်များနှင့်ပတ်သက်၍ပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်းသိရသည်။

ဖိုးချမ်း(မုံရွာ)







ဆောင်းပါး

စိန်ပန်းကြွေချိန် ပန်းကလေးများပွင့်တဲ့အချိန်

à c;rf;o(rdwD)

နိုင်ငံတစ်ဝန်း ကျေးလက်ဒေသနှင့် မြို့ပြအနှံ့ အပြားတွင် စိန်ပန်းများ နီနီရဲကာ ပွင့်လျက်ရှိနေသည်။ ပွင့်လျက်လှနေသည့် စိန်ပန်းများသည် မေလအကုန် ဇွန်လဆန်းတွင် မြေသို့ကြွေကျသက်ဆင်းရမည်ဖြစ်သည်။ ထိုအချိန်၌ နိုင်ငံ၏အနာဂတ် အလှရတနာ ပန်းကလေးများ ဖူးပွင့်ပေမည်။

ပန်းကလေးများ ငြိမ်းချမ်းလှပစွာ ပွင့်လန်းနိုင်ရေးအတွက် ပန်းကလေးများ၏ ဘဝပဲ့ကိုင်ရှင် မိဘများသည် ယခုအချိန်ကပင် ကျောင်းအပ်နှံရေး၊ ကျောင်းဝတ်လုံချည်၊ ကျောင်းဝတ်အင်္ကျီနှင့် ကျောင်းလွယ်အိတ်များ ဝယ်ယူရေးကအစ ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ဝယ်ယူရေးအဆုံးတို့ကို နိစ္စဓူဝကိစ္စများသဖွယ် လုံးပမ်းနေကြရပေပြီ။ မိုးမကျမီ လယ်သမားများ ထွန်ရေးပြင်ကြရသကဲ့သို့ ကျောင်းမဖွင့်မီ ကျောင်းသားမိဘများသည် မိမိတို့၏ ရင်သွေးငယ်များ ကျောင်းအပ်နှံရေးအတွက် ပြင်ဆင်ကြရလေသည်။

ကျောင်းသားမိဘများသည် ကျောင်းအချိန်အမီ အပ်နှံနိုင်ရေး၊ ကျောင်းဝတ် လုံချည်၊ အင်္ကျီနှင့် ကျောင်းစာရေးကိရိယာများ ဝယ်ယူနိုင်ရေးတို့အတွက် လုံးပမ်းရခြင်းများအပြင် တချို့သော မိဘများသည် ကျောင်းသားအမည်မှန်၊ အမည်ပြောင်းနှင့်ကျောင်းသားမိဘ အမည်မှန် စသည့် အမည်မှန် အမည်ပြောင်းကိစ္စများကို ဘူးလေးရာဖရုံဆင့်သကဲ့သို့ ကျောင်းဖွင့်ရာသီ၌ ဖြေရှင်းကြရသည်။ ကျောင်းစရိတ်အပြင် အမည်မှန် အမည်ပြောင်းကိစ္စများ သတင်းစာတွင် ပါရှိနိုင်ရေးအတွက် ငွေရေးကြေးရေး ဝန်ပိသည်ကို ကြုံတွေ့ကြရပေသည်။

မိတ်ဆွေတစ်ယောက်က ပြောပြသဖြင့် သိရှိရသည်မှာ “ဖခင်အမည်မှန် သတင်းစာမှာထည့်ချင်လို့ လိုအပ်တာတွေ မေးခိုင်းလိုက်တယ်။ မင်းက သတင်းစာမှာ စာရေးနေတာဆိုတော့ လိုအပ်တာတွေတော့ သိမှာပဲ”ဟု မိမိအားမေးသဖြင့် သိရခြင်းဖြစ်သည်။ အကြောင်းစုံမေးကြည့်တော့ ကျောင်းသား၏ ဖခင်အမည်မှန်က ဦးမြင့်သန်း၊ ကျောင်းအပ်မည်လုပ်တော့ ဦးမြင့်ဆန်းဖြစ်နေသည်ကို ကြုံတွေ့ရသည်။ ပြန်ဆန်းစစ်ကြည့်တော့ ကလေးသူငယ်တန်းမှ ပထမတန်းသို့ ပြောင်းရွှေ့ကျောင်းအပ်စဉ်ကပင် ဦးမြင့်သန်းအစား ဦးမြင့်ဆန်းဟု ဖြစ်နေလေသည်။ ကျောင်းသား၏ ဖခင်ဖြစ်သူမှ မိမိမိတ်ဆွေကို ပြောပြသည်။ ကျောင်းကလည်း ရပ်ကွက်ထဲမှာ။ ကျောင်းသားကို ကိုယ်တိုင်ကျောင်းမအပ်ဘဲ အိမ်နီးချင်းကျောင်းဆရာမကို ယုံကြည်စိတ်ချစွာ ကျောင်းအပ်ပေးရန် အကူညီတောင်းခံ အပ်နှံခိုင်းခြင်းဟုဆိုသည်။ အခုတော့ ကျောင်းသားက ခုနှစ်တန်းတက်မည့်နှစ်၊ ကျောင်းအပ်မည့်ကိစ္စဆောင်ရွက်သည့်အခါကျမှ ကျောင်းသား ဖခင်အမည် လွဲနေသည်ကို ကျောင်းသားမိဘနှင့် ကျောင်းအပ်လက်ခံမည့် ဆရာ၊ ဆရာမတို့က သိရှိရလေသည်။

ကျောင်းသား ကျောင်းစရိတ်အပြင် ကျောင်းသားဖခင်အမည်မှန် ပြန်လည်ပြောင်းနိုင်ရေးအတွက် သတင်းစာများတွင် ထည့်သွင်းကြေညာသည့်စရိတ်များသည် ကျောင်းသားမိဘများ၏ ပခုံးပေါ်တွင် ထပ်ဆင့်ဝန်ပိခြင်း ဖြစ်ရပေသည်။ အလားတူ ကျောင်းသားအမည်မှန်၊ အမည်ပြောင်းနှင့် မိဘအမည်မှန်နှင့် ဖခင်အမည်မှန်ကိစ္စများကို ကျောင်းဖွင့်ရာသီတစ်လျှောက် ကျောင်းသားမိဘများ နှစ်စဉ်ကြုံတွေ့နေကြရသည်မှာ မဖြစ်သင့်သော ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။

ကျောင်းသားများ ကျောင်းအပ်လက်ခံသည့်အခါ ကျောင်းသားမိဘအမည်များအား ရေးသားထားသည့် လက်ရေးသည် မရှင်းလင်းပါက ကျောင်းအပ်နှံသည့်သူနှင့် ကျောင်းသားတို့အား ပြန်လည်မေးမြန်းအတည်ပြုပြီးမှသာ စာရင်းဖြည့်သွင်း ကျောင်းအပ်လက်ခံသင့်ပါသည်။ ကျောင်းသားကိုယ်တိုင်ကလည်း မိမိ၏ မိခင် ဖခင် အမည်များ ကျောင်းအပ်နှံသည့် လက်ခံဖြတ်ပိုင်းစာရွက်စာတမ်းများ ဖြည့်သွင်းထားသည်မှာ မှန်ကန်မှုရှိ-မရှိ မိဘနှင့် ဆရာ၊ ဆရာမများနည်းတူ ဖတ်ရှုစစ်ဆေး ကူညီသင့်ပါသည်။ ကျောင်းစတင်အပ်နှံသည့်အချိန်တွင် ထိုအချက်များအား ဝိုင်းဝန်းဂရုပြု ဆောင်ရွက်ကြလျှင် ကျောင်းသား၏ အမည်မှန်၊ အမည်ပြောင်းနှင့် ကျောင်းသား မိဘ၊ ဖခင်အမည်မှန်ကိစ္စများအတွက် ကျောင်းသားမိဘများ ရင်လေးရတော့မည် မဟုတ်ပါ။ ကျောင်းသားလည်း စိတ်ပူရတော့မည် မဟုတ်ပါ။ ထို့အပြင် ကျောင်းဆရာ၊ ဆရာမများသည်လည်း ထိုအမည်မှန်ကိစ္စများအတွက် ဖြေရှင်းနေရသည့်ကိစ္စမျိုး မကြုံတွေ့နိုင်တော့ပါ။

> ကျောင်းသား၊မိဘ၊ဆရာပူးပေါင်း ကလေးပညာရေးကောင်းဟု ဆိုထားသည့်အတိုင်း ကျောင်းသား၊ကျောင်းသူငယ်များ စိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်ရေးအတွက် . . .

ကျောင်းသားမိဘများ ကြုံတွေ့နေရသည့် အဆိုပါ အမည်မှန်ကိစ္စတို့အား ဝိုင်းဝန်းဖြေရှင်းရမည့်သူများမှာ ကျောင်းသားနှင့် မိဘကိုယ်တိုင်အပြင် ကျောင်းဆရာ၊ ဆရာမတို့ပင် ဖြစ်သည်။ ကျောင်းသား၊ မိဘ၊ ဆရာပူးပေါင်း ကလေးပညာရေးကောင်းဟု ဆိုထားသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူငယ်များ စိတ်အေးချမ်းစွာ ပညာသင်ယူနိုင်ရေးအတွက် မိဘ၊ ဆရာနှင့် ကျောင်းသားတို့ ပူးပေါင်းဝိုင်းဝန်း ဆောင်ရွက်ကြခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

ကျောင်းဖွင့်ရာသီအစတွင် ပိုမိုကြုံတွေ့ရတတ်သည့် အမည်မှန် အမည်ပြောင်းကိစ္စများ မကြုံတွေ့နိုင်ရေးအတွက် ကျောင်းအပ်နှံသည့်အခါ ကျောင်းသားမိဘကိုယ်တိုင်၊ သို့မဟုတ် ကျောင်းအပ်နှံသည့် စာရွက်စာတမ်းများတွင်ပါဝင်သည့် အမည်၊ မွေးသက္ကရာဇ် စသည့်အချက်အလက်များ တိကျမှန်ကန်မှုရှိ-မရှိ၊ ကျောင်းသားမိဘနည်းတူ စစ်ဆေးရယူနိုင်မည့်သူများသာ ကျောင်းသားအား ကျောင်းအပ်နှံရေးကိစ္စကို ဆောင်ရွက်သင့်ပါသည်။

ထို့အပြင် ကျောင်းဆရာ၊ ဆရာမများဘက်မှ

မည်သို့ပင်ဖြစ်စေ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်နေချိန်တွင် နိုင်ငံအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုး တက်ရေးတွင် ပညာရေးကဏ္ဍသည် အခြေခံအကျဆုံးကဏ္ဍ ဖြစ်သည့်အလျောက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပြောင်းလဲမှုများကို တာဝန်ရှိသူများမှ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ထိုအချိန်တွင် ကျောင်းသား၊ မိဘနှင့် ကျောင်းဆရာ၊ ဆရာမများအနေဖြင့် အမည်မှန်၊ အမည်ပြောင်းကိစ္စများကို မကြုံတွေ့နိုင်ရန် ပြုပြင်ပြောင်းလဲရမည့် အခြေခံကျဆုံးကိစ္စတစ်ခုအဖြစ် ရှုမြင်ကာ ဝိုင်းဝန်းဆောင်ရွက်ကြခြင်းဖြင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ တက်ညီလက်ညီ ချီတက်နိုင်ပါစေကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ပါသည်။

မီဒီယာကျင့်ဝတ်နှင့် ဥပဒေအထူး ဟောပြောပွဲ MJAတွင်ကျင်းပမည်

ရန်ကုန်၊ မေ ၁၇

စတုတ္ထမဏ္ဍိုင်၏ ဘက်တော်သားများဖြစ်သည့် မီဒီယာသမားများ အထူးသိသင့်သိထိုက်သော လူ့နှင့် လူ့ပတ်ဝန်းကျင်၊ နေ့စဉ်သုံးဥပဒေများနှင့် သတင်းထောက်ကျင့်ဝတ်များဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်ကဏ္ဍအလိုက် အထူးဟောပြောချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်ရှိ (MJA) ရုံးခန်းမတွင် မေ ၁၇ ရက်မှ စတင်၍ ဟောပြောပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပို့ချမှုကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မီဒီယာလောကအတွက် ပြောပြစရာဥပဒေများ ခေါင်းစဉ်ဖြင့် ဦးမောင်မောင်ဝင်း (ရွှေနေမောင်ကံ) တရားလွှတ်တော်ရှေ့နေ၊ မဏ္ဍိုင်ဥပဒေမဂ္ဂဇင်းအယ်ဒီတာချုပ်၊ ကိုယ်ခံပညာ ဥပဒေခေါင်းစဉ်ကို ဦးတည်၍ မေ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ဦးသန်းဝင်း (ဇေယျမင်းမင်းဝင်း) လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) စုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အပြင် သတင်းရေးရန် ရှုပ်ထွေးလှတဲ့ မူးယစ်ဆေးဝါး ဥပဒေများခေါင်းစဉ်ကို အဓိကထားကာ ဦးညဏ်ဝင်း (ဦးအာကာ) ညွှန်ကြားရေးမှူး(ငြိမ်း) တရားရုံးချုပ်၊ တရားလွှတ်တော်ရှေ့နေတို့က ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

မီဒီယာကျင့်ဝတ်ဆိုင်ရာနှင့် ဥပဒေအထူးဟောပြောပွဲအား (MJA) မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၊ အမှတ်(၁၇၃/၁၇၅)၊ အခန်းအမှတ် (၆၀၃)၊ ပန်းဆိုးတန်းလမ်းမကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ရုံးခန်းမတွင် ပြုလုပ်မည်ဖြစ်ရာ အခမဲ့လွတ်လပ်စွာ တက်ရောက်နိုင်ကြောင်း သိရသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်သုံးစွဲသော ဈေးဆိုင်ခန်းများအား သွယ်တန်းထားသော ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်မီးကြိုးများကို အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်မီးကြိုးအသစ်များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ 200 P ဘရိတ်ကာများ၊ ဆိုင်ခန်းတစ်ခန်းလျှင် 2P ဘရိတ်ကာတစ်လုံး တပ်ဆင်ခြင်းတို့ကို မေ ၁၃ ရက်က ဈေးတာဝန်ခံ ဦးတင်မောင်ကြည်နှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ သတင်းနှင့် ဓာတ်ပုံ - ကိုကိုရှုပ

တောင်ကြီးမြို့တွင်းရှိ လမ်းညွှန်အမှတ်အသားများကို တိကျစွာလိုက်နာ၍ မော်တော်ယာဉ်များ မောင်းနှင်သွားလာကြစေလို

တောင်ကြီး၊ မေ ၁၇

တောင်ကြီးမြို့တွင်း လမ်းများရှိ လမ်းညွှန် သတ်မှတ်ချက် အမှတ်အသားများ တပ်ဆင်ထားသော်လည်း မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် သတ်မှတ်ချက်များကို လေးစားလိုက်နာခြင်းမရှိကြဘဲ ကြုံသလို စည်းကမ်းမဲ့စွာ သွားလာမောင်းနှင် အသုံးပြုနေကြသည်မှာ ယာဉ်အန္တရာယ် ဖြစ်ပေါ်စေရန် အလွန်နီးစပ်သည့်အပြင် စည်းကမ်းမဲ့သည့် အပြုအမူ လုပ်ရပ်များလည်း ဖြစ်နေပါသည်။

တောင်ကြီးမြို့တွင်းရှိ လမ်းများတွင် တစ်လမ်းမောင်းအဖြစ်သတ်မှတ်ထားသော လမ်းများ၌ လမ်းပြောင်းပြန် မောင်းနှင်သွားလာခြင်းများ၊ 'ဂ' ငယ်ကွေ့ မကွေ့ရသတ်မှတ်ထားသော နေရာများတွင် 'ဂ' ငယ်ကွေ့ကွေ့ပြီး သွားလာနေခြင်းများ၊ ဘယ်မကွေ့ရဟု သတ်မှတ်ထားသော နေရာများတွင် ဘယ်ဘက်သို့ကွေ့ပြီး သွားလာနေခြင်းများမှာ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိနေကြောင်း တွေ့မြင်နေရပါသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများမှလည်း မော်တော်ယာဉ်၊ ဆိုင်ကယ်များ အသုံးပြု မောင်းနှင်နေကြခြင်းများအပေါ် နေ့စဉ်နှင့်အမျှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိကျစွာ လေးစားလိုက်နာခြင်းများရှိစေရန် မည်သူ့မျက်နှာမှ မထောက်ထားဘဲ တိကျစွာ ထိန်းသိမ်းကြပ်မတ် စစ်ဆေးအရေးယူမှုများ ပြုလုပ်ပေးရန် လိုအပ်ပါကြောင်း အကြံပြု တိုက်တွန်းလိုက်ရပါသည်။ KZLM **(တောင်ကြီး)**

သိမ်းဆည်းခံလယ်မြေများအား မူလတောင်သူများထံ ယာယီလုပ်ပိုင်ခွင့်လက်မှတ်ပြန်လည်ထုတ်ပေး

လွိုင်လင်၊ မေ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ ခရိုင်/မြို့နယ် မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီသည် သိမ်းဆည်းမြေများအား မူလလုပ်ပိုင်ခွင့်ရတောင်သူများသို့ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်များ ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး မြို့နယ်မြေယာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးဇော်က သိမ်းဆည်းမြေများအား လုပ်ပိုင်ခွင့်ရတောင်သူများသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွိုင်လင်ခရိုင် မြေယာစီမံခန့်ခွဲရေး ကော်မတီ အတွင်းရေးမှူး ဦးမိုးကျော်လွင်က မြေယာကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွိုင်လင်ခရိုင် မြေယာ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ၊ မြို့နယ်မြေယာစီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးဇော်နှင့် လွိုင်လင်ခရိုင် မြေယာစီမံခန့် ခွဲရေးကော်မတီ အတွင်းရေးမှူးတို့က သိမ်းဆည်းမြေများအား မူလလုပ်ပိုင်ခွင့်ရတောင်သူများသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ ၊ အထောက်အကူပြုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်များ ပြန်လည်ထုတ်ပေးသည့်အခမ်းအနား ကျင်းပစဉ်

ပြည်နယ်အစိုးရအဖွဲ့မှ ထပ်ဆင့်ဂုဏ်ထူးဆောင်လက်မှတ်ပေးအပ်ချီးမြှင့်

တာချီလိတ်၊ မေ ၁၇

နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းခံရသူ တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု၊ လွယ်စတုံကျေးရွာရှိ ကျောက်စိမ်းကန် မွေးမြူရေးလုပ်ငန်းမှ လုပ်ငန်းရှင် ဒေါ်နီနီစိုးအား ရှမ်းပြည်နယ်အစိုးရမှ ထပ်ဆင့်ဂုဏ်ပြုခြင်း အခမ်းအနားကို မေ ၁၅ ရက် ညနေ ၆ နာရီက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ ဟုတ်တက်တရုတ်ဘုံကျောင်းခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ နိုင်ငံတော်အတွင်း လူမှုအကျိုးပြုလုပ်ငန်းများ၊ သာသနာရေး၊ လူမှုရေး စသည့်ကိစ္စများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြတော်မူသော ဆရာတော်ကြီးများ၊ ဒေသဖွံ့ဖြိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ စသည့်ကဏ္ဍအသီးသီးတို့တွင် ထူးချွန်စွာ ကြိုးစားလုပ်ဆောင်နေကြသူများကို ရွေးချယ်၍ မေ ၃ ရက် နံနက်ပိုင်းက နိုင်ငံတော်သမ္မတ အိမ်တော်၌ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ပြုလုပ်ရာတွင် တာချီလိတ်မြို့မှ ဆရာတော်တစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းခံရသူ ဒေါ်နီနီစိုးအား ဂုဏ်ပြုသည့်အခမ်းအနားတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက ဂုဏ်ပြုစကား ပြောကြားပြီး၊ ပြည်နယ်အစိုးရမှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ထူးဆောင်လက်မှတ်အား ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ဦးတင်မောင်ဆွေမှ ဒေါ်နီနီစိုးအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ၎င်း၏ကျောက်စိမ်းကန်မွေးမြူရေးလုပ်ငန်းတွင် အဓိကအားဖြင့် ဝက်၊ ငါး၊ ကြက်များကို မွေးမြူထားကြောင်းနှင့် နိုင်ငံတော်သမ္မတမှ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ထူးဆောင်လက်မှတ်အား ပေးအပ်ချီးမြှင့်သောကြောင့် ကျေးဇူးအထူးတင်ရှိပါကြောင်း ဒေါ်နီနီစိုးက ပြောကြားခဲ့ကြောင်း သိရသည်။ **မော်ကြီး(တြိဂံနယ်မြေ)**

ဒေသဖွံ့ဖြိုးရေးအတွက် စုံညီအစည်းအဝေးကျင်းပ

သီပေါ၊ မေ ၁၇

သီပေါမြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရန် အစည်းအဝေးတစ်ရပ်ကို မေ ၁၄ ရက် နံနက် ၁၀ နာရီက သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများ တက်ရောက်ခဲ့သည်။ **သီပေါကိုလတ်**

ပြည်သူများ အသိပညာဗဟုသုတရှိစေရန် စာပေရေချမ်းစင် ရှစ်ခုတွင် စာစဉ်သစ်များ ဖြည့်ဆည်းဆောင်ရွက်

ခမောက်ကြီး၊ မေ ၁၇

ခမောက်ကြီးမြို့နယ်ခွဲ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အများပြည်သူများ အသိပညာ ဗဟုသုတရှိစေရန် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော စာပေရေချမ်းစင်ရှစ်ခုတွင် အတွဲ(၂) အမှတ်(၄) စာစဉ်အသစ်များ လဲလှယ်ဖြည့်တင်းခြင်းလုပ်ငန်းကို မြို့၏ လူစည်ကားရာ နေရာများတွင် ချိတ်ဆွဲခင်းကျင်းပေးထားသည့် နေရာများ၌ မေ ၁၄ ရက် နံနက်ပိုင်းက လိုက်လံဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီနီဘုတ်ကော်နာများသည် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြန်/ဆက်ဦးစီးဌာန မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြည်သူများ စိတ်ဝင်စား၍ စာပေဗဟုသုတများ အခြေခံ လူတန်းစားအလွှာထိ စိမ့်ဝင်ပျံ့နှံ့နိုင်ရေးကို ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများက အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခမောက်ကြီး(ပြန်/ဆက်)**

ရထားသံလမ်းကူး ဘေးနှစ်ဖက်ထပ်မံတိုးချဲ့စေချင်

ရန်ကုန်၊ မေ ၁၇

အင်းစိန်မြို့နယ် ရွာမဘူတာရုံလမ်းသည် ဘုရင့်နောင်လမ်းမကြီးနှင့် ဆက်သွယ်ထားသောလမ်းဖြစ်၍ ယာဉ်ကြီးယာဉ်ငယ်များနှင့် ပြည်သူများ သွားလာရာတွင် အလွန်အကျဉ်းမြောင်းသော သံလမ်းကူးလမ်းဖြစ်ရာ ယာဉ်နှစ်စီးမရှောင်သာ၍ တစ်ဖက်မှလာသော ယာဉ်တန်းကို စောင့်ပြီးမှ ကျန်တစ်ဖက်ယာဉ်က သွားလာနေရပြီး ယာဉ်ကြောပိတ်ဆို့မှုများပြားသည့် လမ်းဆုံတစ်ခုဖြစ်သည်။ ယင်းလမ်းအား ဘေးနှစ်ဖက် ထပ်မံတိုးချဲ့လိုက်ပါက သွားလာနေသော ယာဉ်ကြီးယာဉ်ငယ်များ ယာဉ်ကြောကျပ်တည်းမှု လျော့နည်းသွားနိုင်ပြီး သွားလာရေးတွင် အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်အေး**

Condo ရောင်းမည်

YCTC Business Institute

abe Accredited College

Association of Business Executives (ABE)

Diploma in Business Management / Marketing

Higher Diploma in Business Management

Graduate Diploma in Business Management

Educational Background

Study Gram

Installment Plan Available !!

June Intake

Ph : (01) 542033, (09) 420118100 , (09) 250640429

မြေးအဘွားနှစ်ဦးအသက်ကို ကယ်တင်ခဲ့သော လက်ထောက်စက်ခေါင်းမောင်း ဦးဌေးနိုင်အား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆု ချီးမြှင့်

ရန်ကုန်၊ မေ ၁၇

လက်ထောက်စက်ခေါင်းမောင်း ဦးဌေးနိုင်သည် မိမိအသက်ဆုံးရှုံးနိုင်သည်ကို သိလျက်အသက်နှင့်ရင်း၍ ရထားသံလမ်းဖြတ်ကူးသူ မြေးအဘွားနှစ်ဦးအား စွန့်စားကယ်တင်ခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ဖြစ်သော အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆုကို ပေးအပ်ချီးမြှင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် ဧပြီ ၁၁ ရက်က ဒါးပိန်ဘူတာအဝင် တံတားအမှတ် ၁၈ ပေါ်တွင် တံတားဖြတ်ကူးသူ မြေးအဘွားနှစ်ဦးအား ရထားတိုက်ခံရမည့် အသက်ဘေးမှ ကာကွယ်ပေးသည့်အတွက် ကယ်ဆယ်ပေးသူ ဦးဌေးနိုင်တွင် ညာခြေထောက်သပွတ်လည်သွားသည့် ဒဏ်ရာရရှိခဲ့သည်။ တံတားပေါ်ရှိ မြေးအဘွားနှစ်ဦးအား ရထားဖြင့်တိုက်မိပါက အသက်သေဆုံးသည်အထိ ဖြစ်နိုင်ကြောင်း သိရသည်။

ဦးဌေးနိုင်သည် မိမိအသက်ကို ပဓာနမထားဘဲ ခုနစ်မိုင်နှုန်းအရှိန်ဖြင့် သွားနေသော ရထားစက်ခေါင်းရှေ့သို့ တွဲချိတ်အုံမှတစ်ဆင့် ရထားသံလမ်းပေါ်သို့ ဆင်းပြီး ရထားရှေ့မှ ပြေးသွားကာ မြေအဘွားနှစ်ဦးအား တံတားဘေးဘက်မှ ချောင်းအတွင်းသို့ တွန်းချဖယ်ရှားပေး၍ မိမိကိုယ်တိုင်လည်း အသက်အန္တရာယ်မှ လွတ်ကင်းစေရန် တံတားအောက် ချောင်းအတွင်းသို့ ခုန်ချခဲ့ကြောင်း သိရသည်။

> ခုနစ်မိုင်နှုန်းအရှိန်ဖြင့်သွားနေသော ရထားစက်ခေါင်းရှေ့သို့ တွဲချိတ်အုံမှတစ်ဆင့် ရထားသံလမ်းပေါ်သို့ဆင်းပြီး . . .

ဘေးအန္တရာယ်ကျရောက်ချိန်တွင် တစ်စုံတစ်ဦး၏ တိုက်တွန်းချက်မပါရှိဘဲ မိမိဆန္ဒအလျောက် လူမှုရေး စိတ်ဓာတ်အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာ ကူညီဆောင်ရွက်သူဖြစ်ခြင်း၊ အန္တရာယ်ကြုံတွေ့နေသူများသည် အသက်အန္တရာယ် မုချကျရောက်နိုင်သည့် အခြေအနေရှိခြင်း စသည့်အချက်များကို ထောက်ဆကြည့်၍ သက်စွန့်ကြိုးပမ်း ကယ်တင် စွမ်းဆောင်သူဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

အသက်နှင့်ရင်းပြီး ကယ်တင်ပေးခဲ့ရသည့် စွန့်စားမှုအား ဆောင်ရွက်ခဲ့သူ ဦးဌေးနိုင်သည် ၁၉၉၆ ခုနှစ် အောက်တိုဘာ ၂၈ ရက်မှစတင်၍ ဝန်ထမ်းအဖြစ် အလုပ်စတင်ဝင်ခဲ့ပြီး အမှုထမ်းကာလတစ်လျှောက်တွင် သင်တန်းသုံးကြိမ်တက်ရောက်ခဲ့ရာ တစ်ကြိမ်တွင် ထူးချွန်အဆင့်(၁) ဖြင့် အောင်မြင်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ပြည်သူ့အောင်ပွဲအခမ်းအနား ကျင်းပ

ရေတာရှည်၊ မေ ၁၇

အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှုကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်က ရေတာရှည်မြို့နယ်အတွင်း စတင်ပြုလုပ်ခဲ့ပြီး မေ ၁၅ ရက်တွင် ရေတာရှည်မြို့ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ပြည်သူ့အောင်ပွဲကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်တို့ တက်ရောက်ခဲ့သည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် တောင်ငူတက္ကသိုလ်မှ လုပ်အားပေး ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး၊ ကြီးကြပ်ဆရာ၊ ဆရာမ ၂၀ ဦး၊ မိတ္ထီလာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်း သူ ၆၇ ဦး၊ ကြီးကြပ်ဆရာ၊ ဆရာမ ၇ ဦးတို့ပါဝင်သင်ကြားပေးခဲ့သည်။

ရေတာရှည်နယ်မြေ၊ ဆွာနယ်မြေ၊ သာဂရနယ်မြေ၊ မြို့လှနယ်မြေ၊ ရေနီနယ်မြေ၊ သိုင်းနယ်မြေများတွင် စာသင်ဝိုင်းပေါင်း ၂၆၇ ဝိုင်း၊ စာသင်သားပေါင်း ၂၆၅၆ ဦးတက်ရောက်သင်ကြားခဲ့ပြီး ၂၅၈၈ ဦး စာတတ်မြောက်ခဲ့ကြောင်း သိရသည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအခမ်းအနားသို့ တိုင်း/ခရိုင်အဆင့် တာဝန်ရှိသူများ၊ တောင်ငူတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒု-ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်အားပေး ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံလုပ်အားပေး ဆရာ၊ ဆရာမများ၊ စာတတ်မြောက်ရေး သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကျင်သီ(နမ့်စင်) ကျောင်းတိုက် ရေကန်တော်အတွက် အလှူငွေလှူဒါန်း

သီပေါ၊ မေ ၁၇

သီပေါမြို့နယ် ကျင်သီ(နမ့်စင်) ကျောင်းတိုက်မှ ရဟန်းသာမဏေများနှင့် ဥပုသ်သီလဆောက်တည်သူများ သောက်သုံးရေ ရရှိနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်မှ အလှူရှင် ဒေါ်မြမြဝေမိသားစုက ၂၀၁၃ ခုနှစ်တွင် စက်ရေတွင်း တူးဖော်လှူဒါန်း ကုသိုလ်ပြုခဲ့သည်။ ယခုဆက်လက်၍ ရေဂါလန်နှစ်သောင်းကျော်ဆံ့ ရေကန်သစ်ကြီးအတွက် ပထမအရစ်အလှူငွေ ကျပ်ငါးသိန်းကို အလှူရှင် ဒေါ်မြမြဝေက ဒေါ်နန်းကြည်ပြာဦး (သီပေါမြို့၊ မိုင်းမောင်ဧကရီစာပေ) မှ တစ်ဆင့် မေ ၅ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။ ၎င်းရေကန်အတွက် နည်းများမဆို ပါဝင်ကုသိုလ်ပြုလိုပါက ဖုန်း-၀၉-၄၀၃၇၀၈၈၉၇ ၊၀၉-၄၇၀၈၆၇၈၄ များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

သီပေါကိုလတ်

ခရိုင်အဆင့် Gender နှင့် CEDAW အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲရမည်းသင်းတွင်ကျင်းပ

ရမည်းသင်း၊ မေ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော ခရိုင်အဆင့် Gender နှင့် CEDAW အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို မေ ၁၅ ရက်နံနက် ၈ နာရီခွဲက ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

၎င်းအလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်သင်တန်းသား ၃၀ ဦးတက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)







မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ပြည်နယ် ခရီးစဉ်အဖြစ် ချင်းပြည်နယ်သို့ သွားရောက်မည်

ရန်ကုန်၊ မေ ၁၇

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ပြည်နယ်ခရီးစဉ်များအဖြစ် ချင်းပြည်နယ်သို့ သွားရောက်မည်ဖြစ်ပြီး ၎င်းခရီးစဉ်ကို ၂၀၁၄ ခုနှစ် မေလကုန်တွင် စတင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"အခုလို သွားတဲ့နေရာမှာ သက်ဆိုင်ရာ ပြည်နယ်အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းအားလုံးကို လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ ဖိတ်ကြားသွားမှာပါ။ ပြည်နယ်ခရီးစဉ် စတင်ဖို့အတွက် နိုင်ငံတော်သမ္မတဆီ ခွင့်ပြုမိန့်တင်ပြဖို့ လုပ်ဆောင်နေပြီ" ဟု ၎င်းကပြောသည်။

နိုင်ငံအတွင်းရှိ ပြည်နယ်များအားလုံးသို့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တစ်လလျှင် ပြည်နယ်တစ်ခုသွားရောက်ရန် ပြီးမှ နိုဝင်ဘာအထိ စီစဉ်ထားကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများအား လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သိရှိသင့်သည်များကို ဟောပြောသွားမည်ဖြစ်ပြီး ဆွီဒင်နိုင်ငံမှ လူ့အခွင့်အရေးပညာရှင်များက ဒေသခံပြည်သူများအား လူ့အခွင့်အရေးဘာသာရပ်အလိုက် ဟောပြောသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် တိုင်းဒေသကြီးခရီးစဉ်များမပါဝင်ဘဲ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အစရှိသည့် ပြည်နယ်များပါဝင်ကြောင်း အဆိုပါကော်မရှင်မှ သိရသည်။ အဆိုပါပြည်နယ်များအတွင်း ဟောပြောပွဲများပြုလုပ်ရခြင်းမှာ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များ၊ လေးစားလိုက်နာရမည့် အချက်များ၊ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအား တိုင်ကြားနိုင်ရန်နှင့် တိုင်ကြားမှုများအား လက်ခံဆောင်ရွက်ပေးနေသည်များကို ကျယ်ပြန့်စွာ သိရှိနားလည်စေရန် ရည်ရွယ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

အဆိုပါ ဟောပြောပွဲများ ပြုလုပ်ရာတွင် သက်ဆိုင်ရာ ပြည်နယ်တစ်ခုချင်းစီအလိုက် အနည်းဆုံး သုံးရက်မှ ငါးရက်အထိ ဟောပြောဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်ဦး

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသအတွင်း တောင်ငူ–စစ်တောင်း–မုပ္ပလင် လမ်းမကြီးအား ဖြူးမြို့နယ် အုတ်ဖြတ်မှ မုန်းအထိ ကျောက်ချောလမ်းခင်းခြင်းနှင့် တံတားများပြုပြင်ခြင်းအား ကျောက်ကြီးမြို့နယ်ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ယူ၍ မေ ၁ ရက်မှ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ပန်းချီသန်းဝင်း

အထူးဂရုပြုကြရမည့် အမြန်လမ်းပေါ်မှ ယာဉ်အန္တရာယ်

aeZmZmxG

လမ်းတံတားများတိုးတက်လာမှုနှင့်အတူ နေ့စဉ်နှင့်အမျှ သွားလာနေကြသည့် လမ်းအသုံးပြုသူများလည်း တဖြည်းဖြည်း များပြားလာလျက်ရှိသည်။ နိုင်ငံအတွင်း ယာဉ်အစီးရေ တိုးတက်များပြားလာမှုနှင့်အတူ လမ်းများပေါ်တွင် အရောင်အသွေးစုံလင်လှသည့် ယာဉ်ကြီး၊ယာဉ်ငယ်များ ဥဒဟိုသွားလာမောင်းနှင်နေကြရာ ယာဉ်မတော်တဆဖြစ်ပွားမှုများ တစ်နေ့တခြား တိုးပွားလာသည်ကို ကြားသိနေရပါသည်။ ယင်းဖြစ်ပွားမှုများအနက် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် မြန်မာပြည်တွင်းရှိ လမ်းမကြီးများနှင့်နှိုင်းယှဉ်လျှင် ယခုနှစ်အတွင်း ယာဉ်အန္တရာယ်အများဆုံးဖြစ်ပွားနေသည်ကို တွေ့ရှိရသည်။ ယာဉ်မီးလောင်မှုဖြစ်ပွားခြင်း၊ ယာဉ်ချင်းတိုက်မိမှုဖြစ်ပွားခြင်း၊ အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွားခြင်းများ မကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိပါသည်။ မေ ၁၂ရက်က ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်ကိုကြည့်လျှင် မိုးရွာစဉ်ယာဉ်မောင်းနှင်ရာမှ အရှိန်မထိန်းနိုင်ဘဲ တံတားအောက်ထိုးကျမှုဖြစ်ပွားခဲ့ကာ ယင်းဖြစ်ပွားမှုသည် အမြန်လမ်းမပေါ်တွင် လူသေဆုံးမှုအများဆုံးဖြစ်ပွားခဲ့ သည့်ယာဉ်တိုက်မှုကြီးတစ်ခုဖြစ်ခဲ့သည်ကို သိရှိခဲ့ရသည်။ ယခုအခါ အမြန်လမ်းမကြီးအရေးကို အထူးအလေးပေး ဆောင်ရွက်သင့်ပြီဖြစ်ပါသည်။

အမြန်လမ်းမကြီးကို ယခုနှစ်အတွင်း လမ်းဧရိယာတိုးချဲ့ အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း မီဒီယာစာမျက်နှာများတွင် ဖတ်ရှုရပါသည်။ ယင်းကဲ့သို့ အဆင့်မြှင်တင်မှုများပြုလုပ်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများဘက်က ကျွမ်းကျင် ပညာရှင်များနှင့် တာဝန်ပေးဆောင်ရွက်စေမည့်ကုမ္ပဏီများကို အထူးကြပ်မတ်စစ်ဆေးမှုများပြုလုပ်ကာ လမ်း၏ အားနည်းချက်များကို တတ်နိုင်သမျှ ပြုပြင်ဆောက်လုပ်ကြရမည်ဖြစ်သည်။ယာဉ်မောင်းများဘက်ကလည်း လမ်း၏အားနည်းချက်ဟုဆိုကာ မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပေါ်လာသည့်အကျိုးဆက်များကို မိမိတို့ကိုယ်တိုင် ခံစားကြရမည်ဖြစ်သည်။ 'ဘယ်သူမပြု မိမိမှု'ဆိုသကဲ့သို့ မိမိတွင်သာ များစွာတာဝန်ရှိသည်ကို ယာဉ်မောင်းများအထူးနားလည်သဘောပေါက်ထား ကြရမည်ဖြစ်သည်။

ယာဉ်ကြောရှုပ်ထွေးမှုမရှိဘဲ စိတ်လွတ်လက်လွတ်မောင်းနှင်နိုင်သည့် ဤလမ်းမကြီးပေါ်တွင် ယာဉ်မောင်းသူများအနေဖြင့် သတ်မှတ်စံနှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း မပြုရန်၊ အရက်သေစာသောက်စားမောင်းနှင်ခြင်း မပြုရန်၊ ကားမောင်းနေစဉ် ဖုန်းပြောဆိုခြင်း မပြုရန်၊ အိပ်ငိုက်ခြင်းဖြင့် မောင်းနှင်ခြင်း မပြုရန် အထူးလိုအပ်ပါသည်။ လမ်းသတိပေးညွှန် ကြားချက်များကို လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ ထို့အပြင် မော်တော်ယာဉ်ဘီးကြံ့ခိုင်မှုရှိရန် အထူးဂရုစိုက်ကြရမည် ဖြစ်သည်။ အမြန်လမ်းမကြီးသည် ကွန်ကရစ်ဖြင့် တည်ဆောက်ထားရာ အပူရှိန်ကြောင့် ကားတာယာများပွင့်ထွက်နိုင်သဖြင့် မိမိတို့၏ယာဉ်ကို အစဉ်စစ်ဆေးမှုများ ပြုလုပ်ကြရမည်ဖြစ်သည်။

ယင်းအပြင် မော်တော်ယာဉ်အာမခံထားရှိမှုသည်လည်း ယာဉ်တိုင်းထားရှိသင့်ကြောင်း တိုက်တွန်းချင်ပါသည်။ ခရီးသွားပြည်သူများကလည်း အာမခံထားရှိသင့်ကြောင့် ထပ်ဆင့်အကြံပြုချင်ပါသည်။ မတော်တဆ ယာဉ်အန္တရာယ်ဖြစ်ပွားခဲ့လျှင် အလုံးစုံမော်တော်ယာဉ်အာမခံမှာ ခရီးသည်တစ်ဦးသေဆုံးလျှင် ငွေကျပ် ၁၀သိန်း၊ သူတစ်ပါး ထိခိုက်မှုအာမခံမှာ ငွေကျပ် ငါးသိန်း၊ အထူးခရီးသွားအာမခံလျော်ကြေးမှာ ငွေကျပ် သိန်း ၃၀ရရှိမည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိမှုအပေါ် မူတည်၍ အများဆုံးငွေကျပ် ၂၄သိန်းအထိ လျော်ကြေးရရှိသဖြင့် မိမိတို့၏လုပ်ငန်းဆောင်တာများကို မလွဲမသွေလုပ်ဆောင်ရန်အတွက် ခရီးသွားသူများအားလုံး အာမခံထားရှိသင့်ပါသည်။

အမြန်လမ်းမကြီးကို အသုံးပြုမောင်းနှင်သူများအနေဖြင့် ရှေ့တွင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်သာဓကများကို ဆင်ခြင် သုံးသပ်ပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်ကာ လိုရာခရီးကို လျှောက်လှမ်းကြရပေမည်။ သက်ဆိုင်ရာလမ်းတာဝန်ရှိသူများကလည်း လမ်း၏လုံခြုံရေးကို တိုးမြှင့်လုပ်ဆောင်ကြရမည်ဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းများဖြင့် လမ်းအားနည်းမှု၊ ယာဉ်မောင်းများ၏ အားနည်းမှုများလျော့နည်းပြီး ခရီးသွားမိဘပြည်သူ များ၏ အသက်အန္တရာယ်မှာလည်း လုံခြုံစိတ်ချရကာ အိမ်တွင်ကျန်ခဲ့သည့်မိသားစုများမှာလည်း စိုးရိမ်စိတ်ဖြင့် စောင့်မျှော်နေရသည့်ဒုက္ခမှကင်းဝေးကြလိမ့်မည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်။

နေ့စားလပေး မူလတန်းပြဆရာ၊ ဆရာမ လူတွေ့စစ်

ရန်ကုန်၊ မေ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်တွင် ဒေသရွေ့တာဝန်ထမ်းဆောင်လိုသော နေ့စားလပေး မူလတန်းပြဆရာ၊ ဆရာမ ရေးဖြေစာမေးပွဲအောင် ၂၃၈ ဦးကို မေ ၁၅ ရက် နံနက် ၉ နာရီက အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်၌ လူတွေ့စစ်ဆေးခဲ့သည်။

အဆိုပါ ရေးဖြေစာမေးပွဲအောင် မူလတန်းပြဆရာ၊ ဆရာမတို့အား နံနက်၊ ညနေ အချိန်ခွဲကာ လူတွေ့စစ်ဆေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**







စစ်ကိုင်းမြို့သုခကာရီလူမှုကူညီရေးအသင်းကို ၂၀၁၄ ခုနှစ်အတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံး အသင်းအဖွဲ့ဆု ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်

စစ်ကိုင်း၊ မေ ၁၇

ဆင်းရဲနွမ်းပါးသော သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးထောက်ပံ့မှုများပေးအပ်ခြင်း၊ ဆင်းရဲနွမ်းပါးသော အသင်းသား၊ အသင်းသူများ၏ မိသားစုဝင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးနိုင်ခြင်း၊ ရပ်ရွာအတွင်း လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူမျိုးဘာသာမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးလျက်ရှိခြင်း၊ ကျေးလက်ဒေသများအထိ ဖြန့်ကြက်ဆောင်ရွက်ပေးနိုင်ခြင်းနှင့် အရေးပေါ်လူနာများအား ဆေးရုံဆေးခန်းများသို့ အချိန်မီပို့ဆောင်ပေးခဲ့ခြင်းများကြောင့် ၂၀၁၄ ခုနှစ်အတွက် နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆုအတွက် စစ်ကိုင်းမြို့မှ သုခကာရီလူမှုကူညီရေးအသင်းကို နိုင်ငံတော်သမ္မတက ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ပေးအပ်ခဲ့သည်။

သုခကာရီအသင်းသည် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဘေးသင့်ဒေသများသို့ သွားရောက်၍ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကျေးရွာများ၌ လူမှုကူညီရေးအသင်းများ ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထို့ပြင် ဒေသတွင်း ဆင်းရဲနွမ်းပါးကလေးငယ်များအား ပညာသင်ကြားရေး ထောက်ပံ့ပေးခဲ့ပြီး ဒေသတွင်း သက်ကြီးရွယ်အို သံဃာတော်များ၊ သီလရှင်များ၊ ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကို နှစ်စဉ်ကျင်းပပြုလုပ်ပေးခဲ့သည်။ နာရေးကူညီမှုလုပ်ငန်းများအတွက် မော်တော်ယာဉ်များဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

ထို့ပြင် အရေးပေါ်လူနာများအား ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်ပွားသည့်နေရာမှ အနီးစပ်ဆုံးဆေးရုံသို့ အသက်နှင့်ခန္ဓာကိုယ် တည်မြဲစေရေးအတွက် လူနာတင်ယာဉ်ဖြင့် အချိန်မီပို့ဆောင်ပေးလျက်ရှိပြီး စေတနာရှင်များကို စုစည်း၍ စုပေါင်းသွေးလှူဒါန်းခြင်းကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ သုခကာရီလူမှုကူညီရေးအသင်းအနေဖြင့် နာရေးထောက်ပံ့မှုအတွက် ငွေကြေးစိုက်ထုတ်သုံးစွဲခြင်းနှင့် ဆေးရုံဆေးခန်းများသို့ ပစ္စည်းကိရိယာများ လှူဒါန်းထောက်ပံ့ကာ ဆင်းရဲနွမ်းပါးလူနာများအား ဆေးရုံတက်စရိတ် ထောက်ပံ့ကာ ကလေးငယ်များအတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်းရဲနွမ်းပါးသော အသင်းသား၊ အသင်းသူများ၏ မိသားစုဝင်များ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများသင်ကြားပေးနိုင်ခဲ့ပြီး စစ်ကိုင်းတက္ကသိုလ် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရနှင့် ပန်းအလှပင်များ စိုက်ပျိုးရာတွင် အသင်းသူ၊ အသင်းသားများ၏ အင်အားဖြင့် ပံ့ပိုးကူညီပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲသို့ ဝန်ကြီးချုပ်တက်ရောက်

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုအောင်ပွဲမှတ်တမ်းလွှာ ပေးအပ်စဉ်။

ကော့သောင်း၊ မေ ၁၇

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ် ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုအောင်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့၊ မဥ္ဇူသက ပြည်သူ့ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုက အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအောင်ပွဲ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု အဖွဲ့ခေါင်းဆောင် မြိတ်တက္ကသိုလ် ဓာတုဗေဒဌာနမှ လက်ထောက်ကထိက ဆရာဦးထွန်းဦးက စာသင်ဝိုင်းများ၏ အောင်မြင်မှုအခြေအနေများအား ရှင်းလင်းပြောကြားပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဂုဏ်ပြုမှတ်တမ်းလွှာအား တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုသို့ ပေးအပ်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုက အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီ လုပ်အားပေးကြသည့် ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်များမှ ကြီးကြပ်သူ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

ကျော်စိုး(ကော့သောင်း)

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့သည် တက္ကသိုလ်ဝင်တန်းအောင်မြင်မှုနှင့် စာတတ်မြောက်မှု ရာနှုန်းပြည့် ရှိသည့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့အဖြစ်သတ်မှတ်၍ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်

မကွေး၊ မေ ၁၇

တက္ကသိုလ်ဝင်တန်းအောင်မြင်မှု ရာခိုင်နှုန်းမြင့်မားပြီး စာတတ်မြောက်မှုနှုန်း ရာနှုန်းပြည့်ရှိသော မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့ကို ၂၀၁၄ ခုနှစ် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခံခဲ့ရကြောင်း သိရသည်။

အသား၊ ငါး ထုတ်လုပ်မှုကဏ္ဍမြင့်မားပြီး နို့ထွက်ပစ္စည်းထုတ်လုပ်မှုကဏ္ဍတွင် ဖွံ့ဖြိုးမှုရှိကြောင်း၊ စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်မှုရှိပြီး သမဝါယမအသင်းပေါင်း ၁၀၉ သင်း၊ ပုဂ္ဂလိကဘဏ် ကိုးဘဏ်ရှိကာ ငွေစုငွေချေးလုပ်ငန်းများနှင့် သမဝါယမကဏ္ဍ ဖွံ့ဖြိုးသောမြို့ဖြစ်ကြောင်း သိရသည်။ မကွေးမြို့အတွင်း အဆင့်မြင့်ပညာတက္ကသိုလ်ကျောင်းပေါင်း ရှစ်ကျောင်း၊ အထက်တန်းအဆင့် ခုနစ်ကျောင်း၊ အလယ်တန်းအဆင့် ရှစ်ကျောင်း၊ မူလတန်းအဆင့် ၁၇၂ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၁ ကျောင်းနှင့် စာကြည့်တိုက် ၂၁၄ ခုရှိကာ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုရာခိုင်နှုန်းမြင့်မားပြီး စာတတ်မြောက်မှုနှုန်း ရာနှုန်းပြည့်ရှိသော မြို့အဖြစ် ရပ်တည်နေကြောင်း သိရသည်။

ရပ်ကွက် ၁၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ အုပ်စု၊ ကျေးရွာ ၂၁၆ ရွာဖြင့် ဖွဲ့စည်းထားပြီး၊ အိမ်ခြေ ၅၃၇၈၇၊ အိမ်ထောင်စု ၅၇၇၀၅ နေထိုင်လျက်ရှိသော မကွေးမြို့တွင် လယ်မြေ ၄၂၃၇ ဧက၊ ယာမြေ ၁၉၁၂၄၅ ဧက၊ ကိုင်းကျွန်းမြေ ၅၆၄၆ ဧကရှိကြောင်း သိရသည်။ ပဲအမျိုးမျိုးနှင့် ကြက်သွန်နီ၊ အာလူးစသော ဈေးကွက်ဝင်သီးနှံများ အဓိကစိုက်ပျိုးသည့်မြို့ဖြစ်ပြီး ဒေသတွင်း ဆီဖူလုံမှုမှာ ၈၉၆ ဒသမ ၆ ရာခိုင်နှုန်းရှိသော မြို့ဖြစ်ကြောင်း သိရသည်။

မကွေးမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်း လွင်ပြင်ဒေသတွင် ထင်ရှားသောမြို့အဖြစ် ရပ်တည်လျက်ရှိပြီး ဧရာဝတီမြစ်ကမ်းဘေးရှိ မြသလွန်စေတီတော်နှင့် ဘာသာသာသနာ ထွန်းကားရာမြို့ဖြစ်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးစိုက်ရာဒေသ ဖြစ်သည်။

မျိုးဝင်းထွန်း(မုံရွာ)

သီပေါမြို့နယ် ဘော်ကြိုဆရာတော်ကြီး၏ သက်တော် ၆၀ ပြည့် ဝိဇာတအလှူတော်မင်္ဂလာ ကျင်းပ

သီပေါ၊ မေ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုဘုရားကြီးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ) MA (သီရိလင်္ကာ) ၏ သက်တော် ၆၀ ပြည့် ဝိဇာတ (မွေးနေ့) အလှူတော်မင်္ဂလာကို မေ ၁၃ ရက် (ကဆုန်လပြည့်နေ့) နံနက်က ဘော်ကြိုကျောင်းတိုက်တွင် ကျင်းပခဲ့သည်။ စာသင်သားရှင်သာမဏေငယ်အပါး ၆၀၊ သီပေါမြို့ လှိုင်မုတ်တောင်ရွှေမောင်းပရိယတ္တိ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာလေး အပါး ၆၀၊ နမ့်လန်နှင့် ဘော်ကြိုဓမ္မစကြာဝတ်အသင်းမှ အမျိုးသမီးငယ် ၆၀ တို့က ဂုဏ်တော်၊ ပရိတ်တော်၊ ပဋ္ဌာန်းဒေသနာတော်များစုပေါင်း ရွတ်ဆိုပူဇော်ကြပြီး ဘော်ကြိုဆရာတော်က နဝကမ္မနှင့် လှူဖွယ်ပစ္စည်းများကို တစ်ပါးချင်း၊ တစ်ဦးချင်း လှူဒါန်းပေးအပ်ကာ ညနေပိုင်းတွင် ဆရာတော်နှင့် သံဃာတော်များက ဘော်ကြိုကျေးရွာ အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ပဋ္ဌာန်းတော်နှင့် ပရိတ်တရားတော်များကို လှည့်လည်ရွတ်ဖတ်တော်မူခဲ့သည်။

သီပေါကိုလတ်

HOLY LAND (၄)နိုင်ငံ (၁၁)ရက်ခရီးစဉ်
HP 0951 41425, 09731 60046, 09254248004

P S ... Container

အမြန်ဂေဟာ ...
Land Cruiser ... (2005)Model
Kilo 2
09 2640 36 876

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ဒယ်ဒီ **ဦးကျော်နိုင်ဦး@Ray** ၁၈-၅-၂၀၁၄ ရက်တွင် ကျရောက်သောမွေးနေ့နှင့် ချစ်မာမီ **ဒေါ်ယုခိုင်ကို** ၉-၅-၂၀၁၄ရက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ချစ်သား ချစ်သမီးနှင့်အတူ မိသားစု အေးအတူ ပူအမျှ အတူ ဖြတ်သန်းနိုင်ပြီး လောကီလောကုတ္တရာ ကောင်းကျိုးများ နှင့် လုပ်ငန်းဆောင်တာများကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ၊ အောင်အောင်မြင်မြင်၊ ပျော်ပျော်ရွှင်ရွှင်၊ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ချစ်သမီး - မယူလင်းလက်@Yumi Ray
ချစ်သား - မောင်အောင်ဘုန်းဟိုက်း@Kevin Ray

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်တွင် အလုပ်လျှောက်ထားလာသော Master ဘွဲ့ရများ၊ Bachelor ဘွဲ့ရများနှင့် ဒီပလိုမာအောင်လက်မှတ်ရရှိသူများ၏ အသက်ကန့်သတ်ချက်များအား ပြင်ဆင်သတ်မှတ်ခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်တွင် အလုပ်ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတင်းစာကြော်ငြာများဖြင့် လျှောက်လွှာခေါ်ယူခဲ့ရာ အလုပ်လျှောက်ထားလာသူ Master ဘွဲ့ရများ၊ Bachelor ဘွဲ့ရများနှင့် ဒီပလိုမာအောင်လက်မှတ်ရရှိသူများ၏ အသက်ကန့်သတ်ချက်များအား ၁၂-၆-၂၀၁၄ရက်တွင် ပြင်ပပုဂ္ဂိုလ်များဖြစ်ပါက အသက် ၃၀ နှစ်ထက် မကျော်လွန်သူနှင့် ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်လွန်သူများ လျှောက်ထားနိုင်ပါကြောင်းနှင့် အသက်သတ်မှတ်ချက်ကိုက်ညီ၍ ထပ်မံလျှောက်ထားလိုသူများသည် လျှောက်လွှာများအား ၁၂-၆-၂၀၁၄ ရက် နောက်ဆုံးထား၍ နီးစပ်ရာ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် လျှောက်ထားနိုင်ပါကြောင်း အသက်ကန့်သတ်ချက် ပြင်ဆင်သတ်မှတ်ခြင်းအား အသိပေးကြေညာအပ်ပါသည်။

စဉ်	သတင်းစာကြော်ငြာ	ခေါ်ယူခဲ့သည့်ရက်စွဲ
၁။	ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်း အင်ဂျင်နီယာသုတေသနဦးစီးဌာန အတွက် လျှောက်လွှာခေါ်ယူခြင်း	၅-၃-၂၀၁၄ရက်မှ ၆-၃-၂၀၁၄ရက်အထိ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ
၂။	သတ္တုဗေဒသုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းဌာန(အေလာ)	
၃။	အမျိုးသားဓာတ်ခွဲခန်း	၁၀-၃-၂၀၁၄ရက်မှ ၁၁-၃-၂၀၁၄ရက်အထိ မြန်မာ့အလင်းသတင်းစာ
၄။	နည်းပညာသုတေသနဦးစီးဌာန(မြိုင်)	
၅။	ဇီဝနည်းပညာသုတေသနဦးစီးဌာန	၁၁-၃-၂၀၁၄ရက်မှ ၁၂-၃-၂၀၁၄ရက်အထိ ကြေးမုံသတင်းစာ
၆။	ဘူမိဗေဒဘွဲ့ရများအား လျှောက်လွှာခေါ်ယူခြင်း (သုတေသနဌာနများ)	၁၉-၃-၂၀၁၄ရက်မှ ၂၀-၃-၂၀၁၄ရက်အထိ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ
၇။	ဘူမိဗေဒဘွဲ့ရများအား လျှောက်လွှာခေါ်ယူခြင်း(နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံနှင့်ကျောင်းများ	

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မဟာဥပဒေဘွဲ့ရများအား အလုပ်လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ်(၇/၂၀၁၄)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် မဟာဥပဒေဘွဲ့ရများအား သရုပ်ပြ၊လစာနှုန်း (၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် နီးစပ်ရာကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲ၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ ၁၂-၆-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၂-၆-၂၀၁၄ ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(င) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းဆေးထောက်ခံစာ။
(စ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ။
(ဆ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၃။ သတ်မှတ်ချက်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပါမည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၄၀၁၇နှင့် ၀၆၇-၄၀၄၃၆၅)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



ဗေဒင်ပညာဒါနသင်တန်းဖွင့်မည်

မြန်မာနိုင်ငံဗေဒင်ပညာရှင်များအသင်းမှ ဗေဒင်ပညာသင်တန်း အမှတ်စဉ်(၁၆)အား ၇-၆-၂၀၁၄ရက် (စနေနေ့)တွင် ဖွင့်လှစ်မည်။ သင်တန်းတက်ရောက်လိုသူများ ၆-၆-၂၀၁၄ရက် နောက်ဆုံးထား၍ ဆိုင်အမှတ်(၅၀)၊ ပထမထပ်၊ အဆောင်(၄)၊ သိမ်ကြီးဈေး(စီ)ရုံသို့ လာရောက်စာရင်းပေးသွင်းနိုင်သည်။ သင်တန်းသား(၅၀)ဦး လက်ခံမည်ဖြစ်ပြီး အောင်လက်မှတ် ချီးမြှင့်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက
ဆရာဦးအောင်ကိုဟန် ဖုန်း-၀၉-၄၂၁၁၃၃၆၇၉
ဆရာဦးအောင်ကျော်ဝင်း ဖုန်း-၀၉-၇၃၀၈၁၀၄၀
ဆရာမဒေါ်အေးအေးဝင်း ဖုန်း-၀၉-၄၂၅၃၄၇၄၉၇

GERMAN Language

အခြေခံအဆင့် A1.1 ကို စနစ်တကျ 4 Skills မျှတစွာ သင်ကြားပေးပါသည်။

Sat,Sun:3:00-5:00

စုံစမ်းရန်
ဖုန်း-၀၉-၄၃၁၄၀၃၂၈

တောင်ငူမြို့ မြို့မဈေးကြီး တည်ဆောက်မည့်ပုံစံများ အဆိုပြုတင်ပြရန်တင်ဒါခေါ်ယူခြင်း

